# ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားမြို့၏ သမိုင်း



ရေးသားပြုစုသူ
ဒူဝါ လဝမ်လီ
ကချင်ပြည်နယ်ဝန်ကြီးဟောင်း

Myitkyina (1).jpg

သွေး * စာပေ
မင်းပဘာတ်ရှေ့-မြစ်ကြီးနား
ဆိုင် ၂၃၈၃၇၊ အိမ် ၂၃၈၁၅

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ............................................... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ....................... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ................................ ဒို့အရေး

မျက်နှာဖုံးပုံနှိပ် ဟန်ဆင်းပုံနှိပ်တိုက်
စာအုပ်ချုပ် ကွိမ်းဖေါ့ကဆာပုံနှိပ်တိုက်

ပထမအကြိမ် ၂၀၀
ဒုတိယအကြိမ် ၂၀၆
တတိယအကြိမ် ၃၀၀
စတုတ္ထအကြိမ် ၃၅၀

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း – | |
| ၂။ | အမှာစာ | |
| ၃။ | မြစ်ကြီးနားမြို့၏မြေပုံ | |
| ၄။ | မြစ်ကြီးနားမြို့၏တည်နေရာနှင့်အကျယ်အဝန်း | ၁ |
| ၅။ | ဆာယာကုန်းခေါ်ဝေါ်သမုတ်ခဲ့ခြင်း | ၁ |
| ၆။ | နယ်ချဲ့အင်္ဂလိပ်ရောက်လာပုံ | ၂ |
| ၇။ | မြစ်ကြီးနားစခန်းမြို့မီးလောင်ပြာကျသွားခြင်း | ၅ |
| ၈။ | မြစ်ကြီးနားမြို့သို့အမေရိကန်သာသနာပြုရောက်ရှိလာခြင်း | ၆ |
| ၉။ | မြို့၏အမည်ကို မြစ်ကြီးနားမြို့ဟုခေါ်ဝေါ်ခြင်းနှင့် မြို့၏နှစ်တစ်ရာပြည့်နှစ် | ၇ |
| ၁၀။ | မြစ်ကြီးနားခရိုင်ကိုသတ်မှတ်၍ အရေးပိုင်များဖြင့် အုပ်ချုပ်လာခြင်း | ၈ |
| ၁၁။ | မြစ်ကြီးနားမြို့ရေကာတာရိုးလမ်း | ၉ |
| ၁၂။ | မြစ်ကြီးနားမြို့သို့ မီးရထားစရောက်လာခြင်း | ၁၀ |
| ၁၃။ | ပညာသင်ကြားရေး | ၁၀ |
| ၁၄။ | အမေရိကန်သာသနာပြုအဘေဘီအမ်ကျောင်း | ၁၁ |
| ၁၅။ | မြစ်ကြီးနားမြို့ မြို့လယ်အစ္စလာမ်ဗလီဘုရားရှိခိုးကျောင်း | ၁၂ |
| ၁၆။ | မန်ခိန်းခေါ်ဝေါ်ခြင်း | ၁၂ |
| ၁၇။ | မန်ခိန်းရွာကို စတည်ခြင်း | ၁၄ |
| ၁၈။ | အင်ဘွန်လွပ်ခေါ်ရာမှ ရွှေစက်ခေါ်ဝေါ်လာခြင်း | ၁၄ |
| ၁၉။ | ဆုတောင်းပြည့်ဘုရား | ၁၅ |
| ၂၀။ | ပြည်လုံးချမ်းသာဘုရား (ဝါ) မြစ်ကြီးနားတောင်ဘုရား | ၁၆ |
| ၂၁။ | ပမ္မတီးလေယာဉ်ပျံကွင်းကြီး | |
| ၂၂။ | မြစ်ကြီးနားမြို့တွင် လျှပ်စစ်မီးစတင်လင်းခြင်း | ၁၈ |


Myitkyina (3).jpg

ဆင်ဘို၊ ဟိုကပ်၊ လမ်းဖြင့် မိုးကောင်းရောက်လာသောအခါ ကချင်များအနောက် အယုက်ပြု၍ ဆင်ဘိုမှတဆင့် ဗန်းမော်သို့ရေကြောင်းလမ်းဖြင့် ပြန်ဆုတ်ခဲ့ရသည်ဟု ဆိုသည်။

ထိုအခါမိုးကောင်းအမတ်ချုပ်မောင်ကုလားကို ဗန်းမော်ဒုတိယအပိုင် မေဂျာ ခုတ်စ်က ၎င်းတို့၏မြို့အုပ်အရာ တင်ထားလိုက်သည်။ ဦးကုလားသည် မြို့အုပ်အရာ တင်ပြီးမကြာမီ ၎င်း၏နေအိမ်၌တော်လှန်ရေးသမားတို့၏ ပစ်သတ်ခြင်းကို ခံရလေသည်။

ဒုတိယအကြိမ် – ၁၈၈၇ ခုနှစ်တွင် ဒုတိယအကြိမ် မေဂျာဝါးရိန်းနှင့် ကပ္ပတိန် ဟာစလင်တို့က ဦးကုလားအသတ်ခံရ၍၊ ၎င်းအစားထိုးမြို့အုပ်ခန့်ထားရန် ဗန်းမော် နယ်ပိုင်ဝန်ထောက်ကိုပါ ခေါ်လာရာ ကချင်တို့၏တိုက်ခိုက်မှုအရှိန်အဝါ မစွန့်စားရဲ၍ ပြန်ခေါက်သွားသည်။ ထိုနှစ်မှာပင် နယ်သိမ်းရန်အဖွဲ့သည် လက်တင်နန် ကာနယ် အိုဒေါ်နေလ်နှင့် ကပ္ပတိန်လီစကော့၊ အုပ်ချုပ်ရေးဘက်မှ ဗန်းမော်အရေး ပိုင် ကပ္ပတိန် ဘာဒလ်ဆင် ခေါင်းဆောင်သော အင်္ဂလိပ်မျက်နှာဖြူစစ်သား (၅၀) ကုလားစစ်သား (၁၀၀) တို့ဖြင့်ချီတက်လာပြီးနောက် ဟိုကပ်ရောက်သောအခါတွင် ဂေါ်ရခါးစစ်ပုလိပ် (၄၀၀)ကို နောက်ထပ်ခေါ်ယူဖြည့်တင်းထားကာ တက်လာသော အခါ၊ မောင်ကုလား ၏သား မောင်ဖိုးစောကို ရာဇသံဖြင့်ခေါ်ပြီး မောင်ဖိုးစောက ဆင်ဘိုသို့လာ၍ ကပ္ပတိန် အာဒလ်ဆင်တို့ကို သွားတွေ့သည်။ ၎င်းဦးဖိုးစောကိုပင် ဦးကုလား၏နေရာတွင် မြို့အုပ်ခန့်ထားလိုက်သည်။ သို့သော် မိုးကောင်းရောက်သောအခါ ဦးဖိုးစောသည် အင်္ဂလိပ်တို့ကို အတွေ့မခံတော့သည် ဆို၏။ မိုးကောင်းသို့ အင်္ဂလိပ်များ ရောက်လာ သောအခါ ဆီမာဝွမ်ဆိုင်လီခေါင်းဆောင်သောကချင်များနှင့် ရှမ်းများပူးပေါင်း၍ အင်္ဂလိပ်နယ်ချဲ့တို့ကို အကြီးအကျယ်တိုက်ခိုက်ခဲ့သည်။ သို့သော်လက်နက်ချင်းမမျှ၍ ဆုတ်ဖယ်ခဲ့ရသည်ဆိုသည်။ ၎င်းခုနှစ် ၁၈၈၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့မှ မိုးကောင်း ကို သိမ်းပိုက်ပြီး အုပ်ချုပ်ရေးကို စတင်ခဲ့သည်။

ထို ၁၈၈၇ ခုနှစ်၌ ယခုမြစ်ကြီးနားခေါ်ရာအရပ်သို့ စစ်ကြောင်း နှစ်ကြောင်းဖြင့် ဟိုကပ်ဘက်မှရေကြောင်လမ်းဖြင့် တစ်ကြောင်း၊ မိုးကောင်း၊ နမ်ခမ်းစစ်စခန်းဘက်မှ တိုင်းရိုးယာန်နမ်ဂျိမ်းသို့ ပေါက်လာသော ကုန်းကြောင်းလမ်းဖြင့် စစ်ကြောင်း ချီတက်လာကြသည်ဆိုသည်။ ယခုမြစ်ကြီးနားခေါ်ရာအရပ်သို့ရောက်သောအခါ

လထော်ဆနာဒူဝါဦးဆောင်သော ကချင်တို့က အကြီးအကျယ် ခုခံတိုက်ခိုက်သည် ဆိုသည်။ ဂေါ်ရာအင်္ဂလိပ်စစ်ဗိုလ်များနှင့် ကုလားစစ်သားများ အထိအခိုက်အကျအဆုံးများသည် ဆိုသည်။ သို့သော် လက်နက်ခြင်းမမျှတမှုကြောင့် ကချင်ဆနာစစ်သည်တော်တို့သည် မြောက်ဘက်သို့ဆုတ်ခွာလာခဲ့ရသည် ဆိုသည်။

အင်္ဂလိပ်နယ်ချဲ့တို့သည် ဆာယာကုန်းသို့ ဆိုက်ရောက်သောအခါ လထော်ဆနာတို့ နေထိုင်သော ဆနာကုန်းကချင်ရွာကိုတိုက်ခိုက်သိမ်းပိုက်ယူပြီး ထိုနေရာယခု သံတဲနေရာနှင့်ကြေးနန်းရုံးပတ်ဝန်းကျင်နေရာ၌ပင် ပထမဦးဆုံး စစ်ခံတပ်ကြီးကို ချထား၍ စတင်နေထိုင်လာကြသည်။အုပ်ချုပ်ရေးကိုမူ ၁၈၈၈ ခုနှစ်မှ မိုးကောင်းဘက်မှ စီမံအုပ်ချုပ်ခဲ့ရသည်ဆိုသည်။

ထိုအချိန်တွင် အထက်ဘက်မှ လထော်ဆနာဒူဝါတို့ တိုက်ခိုက်၍ အောက်ဘက် ဆင်ဘိုအရပ်တွင် မဂန်ဒူဝါတို့က တိုက်ခိုက်ကြသည်။

မြောက်ဘက်မှလထော်ဆနာဒူဝါတို့က လထော်မီထွဲဝါနှင့် ရှိန်ရိုင်ဝါဆိုသူနှစ်ဦးခေါင်းဆောင်သော ဆနာတို့အဖွဲ့သည်အားသစ်ဖြည့်ပြီး ၁၈၈၈ ခုနှစ်၌ ထိုမြစ်ကြီးနားရှိ ခံတပ်စခန်းကို ပထမအကြိမ်လာရောက် တိုက်ခိုက်ခဲ့ဘူးကြောင်း။

ထို့ကြောင့်အင်္ဂလိပ်နယ်ချဲ့တို့က မြောက်ဘက် (၁၆)မိုင်ရှိ ဆတတ် (Stak) မော်ခန်းခေါ် ကချင်ရွာတွင် စစ်စခန်းချထား၍၊ အနောက်ဘက်တွင် အော်ခရဲ (Auh-kye) ကချင်ရွာတွင် စစ်စခန်းချထားပြီး ၁၈၈၉–၉၀ ခုနှစ်ကျမှ အုပ်ချုပ်ရေးကို ဗန်မော်အရေးပိုင်၏ အုပ်ချုပ်ရေးလက်အောက်ခံ မိုးကောင်းမြို့၌ နယ်ပိုင်ဝန်ထောက်၊ ၄င်းဆနာကုန်းခေါ် မြစ်ကြီးနားစခန်း၌ မြို့အုပ်ခန့်ထားပြီးဖွဲ့စည်းအုပ်ချုပ်ရေး စတင်လာသည် ဆိုသည်။

ထိုအခါ နယ်ချဲ့တို့သည် လထော်ဆနာတို့နှင့်မဂန်ဒူဝါတို့ တိုက်ခိုက်ရာ၌ ကျဆုံးခဲ့သည်ကို မဂန်ဒူဝါ၏ နယ်သူနယ်သားများနှင့် လထော်ဆနာဒူဝါ၏ နယ်သူနယ်သားများကို လျော်ခိုင်း၍ဒဏ်ခတ်သည်။ နယ်သူနယ်သားများတို့သည် လုံးဝမကျေမနပ်ဖြစ်နေကြသည် ဆိုသည်။

၁၈၉၂ ခုနှစ်တွင်နယ်ချဲ့အင်္ဂလိပ်စစ်တပ်တို့သည် ဧရာဝတီမြစ်အရှေ့ဘက် ဆဒုန်းနှင့် ဆမားဘက်သို့ ဗန်းမော်ဘက်မှ စစ်ကြောင်းနှစ်ကြောင်း၊ မြစ်ကြီးနားဘက်မှ ဆဒုန်းဘက်သို့တစ်ကြောင်း ဆမားဘက်သို့တစ်ကြောင်းဖြင့် စစ်ကြောင်းဖြန့်ထားသည်

ဆိုသည်။ ထိုအခါမြစ်ကြီးနားခံတပ်၌ဂေါ်ရာစစ်သားများနှင့် မိုးကောင်းလေဝိကုလား စစ်ပုလိပ် (၆၀) ခန့်သာ ချထားသည်ဆိုသည်။

ထိုအချိန်ဆာယာကုန်းရှိ လထော်ဆနာတို့၏ ကချင်ရွာ၌ မိန်းမများနှင့် ကလေးများသာ နေထိုင်ကြသည်။ ထိုအခါ ထိုစစ်စခန်း စစ်သားများသည် လထော်ဆနာဒူဂျန်းဆွမ်ခါဂျာဒွဲကို အတင်းအဓမ္မ မဒိန်းဝိုင်းကျင့်သည်ဆိုသည်။ ထိုသတင်းကို မြောက်ဘက်အရပ်နေကြသော လထော်ဒူဝါနှင့် စစ်သည်တော်တို့ ကြားရ၍ စိတ်ထိခိုက်ပြီး အလွန်မကျေမနပ် ဖြစ်နေကြသည် ဆိုသည်။

## မြစ်ကြီးနားစခန်းမြို့မီးလောင်ပြာကျသွားခြင်း

လထော်ဆနာဒူဝါနှင့် နယ်ရှိတစ်မျိုးသားလုံး ၄င်းမဒိန်းကျင့်သည့်သတင်းကို ကြားရ၍ စိတ်ဆိုး၍ ဒေါသတထောင်းထောင်းထလျက် တစ်မျိုးတနွယ်လုံးစုစည်းပြီး မိထွဲဝါနှင့် ရှိန်ရိုင်းဝါတို့ဦးဆောင်၍၊ ဝါးဖောင်များဖွဲ့ပြီး စစ်သူရဲကောင်းများရွေးချယ်၍ သေနတ်၊ လေး၊ လှံ၊ ဒါးတို့ကို စုစည်းတင်ဆောင်လျက် ၁၈၉၂ ခုနှစ်တွင်ဒုတိယအကြိမ် ဧရာဝတီမြစ်ကြောင်းနှင့် ဝါးဖောင်များနှင့် ညဥ့်အချိန်စုန်ဆင်းလာပြီး သန်းခေါင်ယံ အချိန်တွင် ၄င်းမြစ်ကြီးနားမြို့ စစ်စခန်းပေါ်သို့ ကမ်းတက်၍ အလစ်ဝင်ပြီး မြစ်ကြီးနားမြို့ ခံတပ်ကို ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးမီးရှို့ပြီး အသင့်ပြင်လာသော လက်နက်များ သေနတ်၊ ဒူးလေး၊ ဒါး၊ လှံတို့နှင့် အင်္ဂလိပ်နယ်ချဲ့၏ အင်္ဂလိပ် ဂေါ်ရာ စစ်သားများနှင့် မိုးကောင်းကုလားလေဝိပုလိပ်များတို့ကို ခုတ်သတ်၊ ဒူးလေးသေနတ်ဖြင့်ပစ်သတ်၊ လှံဖြင့်ထိုးသတ်သဖြင့် နယ်ချဲ့စစ်သား (၃၀) ကျော်တို့ကို စိတ်ဆိုးဒေါသအဟုန်ကြီးစွာဖြင့် သတ်ဖြတ်ဖျက်ဆီးခဲ့သည် ဆိုသည်။ ဂေါ်ရာ စစ်ဗိုလ်တစ်ယောက်နှင့် လေဝိကုလားစစ်ဗိုလ် ဆူပဒါမေဂျာ တစ်ယောက်သာ ကျဆုံး သည် ဆိုသည်။ ကျန်နယ်ချဲ့စစ်သားများနှင့် ရုံးအမှုထမ်းများက တောတွင်းဘက်သို့ ခွေးပြေး ဝက်ပြေးထွက်ပြေးကြသည် ဆိုသည်။ ထိုအခါ မြစ်ကြီးနားစခန်းမြို့ရှိ စစ်ခံတပ်အဆောက်အဦးများ မြို့အုပ်ရုံးနှင့် မြို့အုပ်အိမ်၊ ငွေတိုက်နှင့် ကြေးနန်းရုံးများ အားလုံးမီးလောင်ပြာကျကုန်သည်ဆိုသည်။ လထော်ဆနာတို့က ခဲယမ်းမီးကျောက် လက်နက်များနှင့် ငွေများ ပေါများစွာ ယူဆောင်ကာပြန်သွားကြသည် ဆိုသည်။ ဤတစ်ခါသည် လထော်ဆနာတို့

မြစ်ကြီးနားမြို့ကို ဒုတိယအကြိမ် ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးခဲ့ခြင်းဖြစ်သည် ဆိုသည်။

ထိုသို့ ကချင်နှင့် တိုက်ခိုက်စဉ်ကျဆုံးခဲ့သော အင်္ဂလိပ်စစ်ဗိုလ် အင်ဂျန်းကောင်းခေါ် သီတာရပ်ကွက်ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်း တည်ဆောက်ထားသော ဗိုလ်သင်္ချိုင်းတွင် မြှုပ်နှံထားခဲ့ကြသည်။

ထိုသို့ မြစ်ကြီးနားခံတပ်မြို့ကြီးကို တိုက်ခိုက်မီးရှို့ဖျက်ဆီးပေးခဲ့သောကြောင့် အင်္ဂလိပ်နယ်ချဲ့တို့က ပတ်ဝန်းကျင်ရှိ ဝါးထု၊ အာလံ၊ ဆတတ်၊ လဖွဲ့ စသောကချင်ရွာများ သို့သွားပြီး ရွာအိမ်နှင့် စပါးကျီများကို မီးရှို့၊ ကျွဲနွား၊ ဝက်များကို သတ်ဖြတ်ဖျက်ဆီးပြီး အချို့အိမ်မှာနေသည့် လူကြီးများကို ဖမ်းဆီးရိုက်နှက် ချုပ်နှောင် ညှင်းဆဲခဲ့သည် ဆိုသည်။ ထိုအခါ လထော်ဆနာဒူဝါနှင့် နယ်သူနယ်သားများက ဖုံအင်ဒုန် တောင်ပေါ်သို့ တိမ်းရှောင်ထွက်ပြေးသွားကြသည် ဆိုသည်။

## မြစ်ကြီးနားသို့ အမေရိကန် သာသနာပြုဆရာရောက်ရှိလာခြင်း

၁၈၉၂ ခုနှစ်တွင် ဗန်းမော်ဘက်မှ မော်တော်ရေယာဉ်ဖြင့် အမေရိကန်သာသနာပြု ဆရာကြီးဂိုမ်စ် (G.J.GEIS)သည် ဧရာဝတီမြစ်ကြောင်း လမ်းဖြင့် မြစ်ကြီးနားသို့ ပထမအကြိမ် ဆိုက်ရောက်လာသည်။ ထိုအခါလထော်ဆနာ ဒူဝါအိမ်၌ တည်းခိုသည် ဆိုသည်။ ဆရာကြီးသည် ထိုနှစ်၌ပင်ဗန်းမော်သို့ ပြန်ဆင်းသွား သည်ဆိုသည်။

၁၈၉၂ ခုနှစ်၊ ဒီဇင်ဘာလ(၂၃) ရက်နေ့၌ ဆရာကြီးဂိုက်စ်သည် မော်တော်ရေယာဉ်ဖြင့် ဗန်မော်မှသူ့ဇနီးမမဂိုက်စ်နှင့် နို့စို့ကလေးတစ်ယောက်၊ ကလေးထိန်းမကရိုင်ကော့၊ ဆရာကြီး၏ထမင်းချက် ဦးလနဇော်ဂမ် (ဦးမရန်းဇလ၏အဖေ၊ ဒူဝါဇော်ရစ်၏အမေကြီးအဖေကြီး) နှင့်ဦးလဖိုးနစ်ဂရောင်းတို့ပါ ရေမော်တော် မောင်းသော ဗန်းမော်ကဗမာနှစ်ယောက်နှစ် ဗန်းမော်ကဆရာကြီးရောဘတ်ပါဆိုက်လာ၍ သူတို့အားလုံး(၉) ယောက်ရေကြောင်းလမ်းဖြင့် မြစ်ကြီးနားသို့ ဒုတိယအကြိမ် ဆိုက်ရောက်လာကြသည်။ ဆရာကြီးဂိုက်စ်နှင့် ဆရာကြီးရောဘတ်တို့အဖွဲ့က ရန်ကုန် မှလာရောက်၍ အမှုထမ်းဆောင်သော လမ်းဗိုလ်ဦးမြင့်ကျော်အိမ်၌ တည်းခို၏။ ကျန်ဆရာလဖုံနင်ဂရောင်နှင့်အဖွဲ့က ဈေးနားကဇရပ်တွင် တည်းခိုကြသည်ဆိုသည်။

ဆရာကြီးဂိုက်စ်ကချက်ခြင်းဆိုသလို ယခုကျောင်းတိုက်ဈေးဝင်းနှင့် ကချင်ကုမ္ပဏီဝင်းကြားနေရာတွင် ထုံးဖြူသုတ်သည့် အိမ်ငယ်တစ်လုံး ဆောက်လုပ်ပြီး ပြောင်းရွှေ့နေထိုင်ခဲ့သည် ဆိုသည်။ ထိုနေရာ၌ပင် ယာယီအိမ်ကျောင်းတစ်ကျောင်း ဆောက်လုပ်ပြီး၊ ဆရာလဖုံနှင်ဂရောင်ကနေထိုင်၍ စာစသင်ကြားပေးခဲ့သည်ဆိုသည်။ ထိုအခါ စာသင်သောကျောင်းသားများမှာ–

(၁) ကရိုင်ကော့ – ဆရာကြီး၏ကလေးထိန်းမ (၂) လဖိုင်ယော် ကွယ်လွန်သူ တောင်တန်းဝန်ထောက် ဦးအဒိပ်၏ဖခင် (၃) လောနမ်–တရုပ်မ (၄) မာရထ (၅) ဖော်ဝမ်နော်ဂျီး တို့ (၅) ယောက်ဖြစ်ကြသည်။

## မြို့၏အမည်ကို မြစ်ကြီးနား ခေါ်ဝေါ်ခြင်းနှင့် မြို့၏အနှစ်တစ်ရာပြည့်နှစ်

လထော်ဆနာတို့မှ မီးရှို့ဖျက်ဆီးပြီးနောက်ပိုင်း ၁၈၉၄–၉၅ ခုနှစ်၊ မစ္စတာ အီးစီအက်စ်ကျော့ရှ်၊ ကပ္ပတိန်ဟာရီနှင့် နယ်ခြားအရာရှိ မစ္စတာဟက်စ်တို့ ဦးဆောင်သော မြေတိုင်းကော်မရှင်ဖွဲ့စည်း၍ ကပ္ပတိန်တေလာနှင့် ဂေါ်ရခါးစစ်သားများ လုံခြုံရေးရုံလျက်မြစ်ကြီးနားမြို့မြေများကို ခုတ်ထွင်ရှင်းလင်းပြီး စနစ်တကျ တိုင်းထွာဖွဲ့စည်းထားသော မြို့ဖြစ်သောကြောင့် ယနေ့အထိအလွန်လှပသောမြို့တစ်မြို့ ဖြစ်လာခဲ့သည်။ ထိုအခါ အမေရိကန်သာသနာပြုဆရာကြီး ဂိုက်စ်ကိုလည်း ရှမ်းစုတောင်ဘက် ဝေဘစပ်ယခု ကေဘီအက်စ် ကျောင်းဝင်းနေရာသို့ရွှေ့ပြောင်းနေရာချခဲ့သည် ဆိုသည်။ ထိုသို့မြေတိုင်း ကော်မရှင်စနစ်တကျ တိုင်းထွာ၍ နေရာချပြီး ၁၈၉၅ ခုနှစ်တွင် မြို့၏နာမည်ကို မြစ်ကြီးအနားတွင်တည်ထားသော မြို့ဖြစ်သောကြောင့် "မြစ်ကြီးနား" ဟုမည့်ကာ ခေါ်လာခဲ့သည် ဆိုသည်။ အခြားအခေါ်ဝေါ်များမှာ အကျဲဒူဝါ၏လယ်တောတွင် မြို့တည်၍ အကျဲနားခေါ်ရာမှ မြစ်ကြီးနားခေါ်ဝေါ်သည် ဆိုသည်။ အကျဲသည် အကျဲဒူဝါနာမည်ဖြစ်၍၊ နားက ကချင်လို "ခေါ်နား" မြန်မာလိုလယ်တော၊ ခေါ်ရာမှ အကျဲနား ခေါ်ဆိုသည်။

နောက်အခြားအခေါ်အဝေါ်တစ်ခုက ခဲတစ်ပစ်စာသာရှိသော့ မြစ်ကျဉ်းနေရာပေါ်တွင် တည်ထားသောမြို့ဖြစ်သောကြောင့် မြစ်ကျဉ်းနားဟုခေါ်ရာမှ မြစ်ကြီးနားမြို့ ခေါ်သည် ဆိုသည်။ အထက်ပါအခေါ်အဝေါ်တို့မှာခိုင်လုံသော အထောက်အထား

မတွေ့ရှိရပါ။

မစ္စတာဟာတ်စ်သည် ပထမမြို့တည် ၁၈၉၄–၉၅ ခုနှစ်တွင် သူကိုယ်တိုင် မြို့မြေနယ်ကို တိုင်းထွာဖွဲ့စည်းရာ၌ပါဝင်သူဖြစ်ကြောင်း စာအုပ်တွင်ပါရှိ၍ သူရေးထားသော မြစ်ကြီးနားမှတ်တမ်း (Myitkyina Gazettiear) စာအုပ်၌ အောက်ပါအတိုင်း ပါရှိလေသောကြောင့် ၎င်း "မြစ်ကြီးအနား" တွင်တည်ထားသောကြောင့် မြစ်ကြီးနား ဟုခေါ်ဝေါ်ခြင်းဖြစ်ကြောင်းမှာ အထောက်အထား ခိုင်လုံသောကြောင့် ၎င်းကို အမှန်ယူ ၍ မှတ်တမ်းတင် အတည်ပြုရေးသားထားပါသည်။ မြစ်ကြီးနား ဂေဇက်တည်းယား စာအုပ် စာမျက်နှာ (၁၅၈) အခန်း (၁၄)တွင် (The name Myitkyina means by near the great river, that is the Irrawaddy) ဟု ရေးထားပါသည်။ ထိုအချိန်၌ မြစ်ကြီးနားမြို့တွင် လူဦးရေ (၃၆၁၈) ယောက်သာရှိသည်ဆိုသည်။

သို့ဖြစ်၍ မြစ်ကြီးနားမြို့သည် ၁၉၉၅– ခုနှစ်တွင်အနှစ်တစ်ရာပြည့်မည်ဖြစ်၍ မြို့သူမြို့သား ရဟန်းသံဃာတော်များနှင့် လုပ်သားပြည်သူအပေါင်းတို့သည် မြစ်ကြီးနားမြို့ကို ဂုဏ်ပြုသောအားဖြင့် မြို့၏အနှစ်တစ်ရာပြည့်ပွဲတော်ကြီးကို ခရစ်သက္ကရာဇ် ၁၉၉၅ ခုနှစ် တွင် ဆင်ယင်ကျင်းပသင့်သည်ဟု ရေးသားအကြံပြု အပ်ပါသည်။

## မြစ်ကြီးနားခရိုင်ကို စတင်သတ်မှတ်၍ အရေးပိုင်များဖြင့်အုပ်ချုပ်လာခြင်း

၁၈၉၅ ခုနှစ်မှစ၍ ဗန်းမော်ခရိုင်မှ ခွဲထွက်ပြီးနယ်နိမိတ်များ သတ်မှတ်၍ မြစ်ကြီးနားမြို့တွင်အရေးပိုင်ခန့်ထားကာ အုပ်ချုပ်ရေးကို စတင်ခဲ့ကြောင်း သိရှိရသည်။ ထိုစဉ်အခါက ပထမဦးဆုံးသောအရေးပိုင်၏ ခရိုင်ဝန်ရုံးသည် ယခုမှတ်တမ်းရုံး ပြုလုပ်သော အဆောက်အဦတိုက်ကြီးဖြစ်ပါသည် ဆိုလေသည်။ စစ်တပ်စခန်းလည်း ယခုသံတဲနေရာ၌ ဖြစ်သည်။ နောက်မှယခုလမ်းရုံးနှင့်ပညာရေးရုံးနေရာများသို့ နယ်ခြားစောင့်တပ် (Frontier Militry Police) ဟူ၍ ရွှေ့ပြောင်းထားခဲ့သည်။ ယခုတိုင်ဆေးရုံကြီးရှေ့ရှိ အဆောက်အဦကြီးသည် ထိုအချိန်က စစ်တပ်ဆေးရုံအဆောက် အဦးကြီး ဖြစ်သည်။ ၁၉၃၅ ခုနှစ်အထိ အဆောက်အဦဟောင်းများနှင့် ယန်းထောက်ဂိုဒေါင် အုတ်တိုက်များကို ယခုသံတဲနားမှာရှိသည်ကို တွေ့ရသည်။

မြစ်ကြီးနားမြို့ပထမဆုံးသောအရေးပိုင်များ

၁။ Mr. W.H.C Minniz C.I.S (မစ္စတာ ဒဗလျူအိပ်ချ်စီမင့်နစ်၊ စီအိုင်အက်စ် ၁၈၉၅ ခုနှစ် ဧပြီလမှ ဇွန်လအထိ)

၂။ Mr. H.L. Sounder C.I.S (မစ္စတာအိပ်ချ်အေလ်ဆောင်ဒါး၊ စီအိုင်အက်စ်၊ ၁၈၉၅ ခုနှစ်၊ ဇွန်လမှ ၁၈၉၆ ခုနှစ် နိုဝင်ဘာလအထိ)

၃။ Mr. E.C.S. George C.I.E, C.I.S (မစ္စတာအီးစီအက်စ်ဂျော့ရှ်၊ စီအိုင်အီး၊ စီအိုင်အက်စ်၊ ၁၈၉၆ ခုနှစ် နိုဝင်ဘာလမှ ၁၈၉၇ ခုနှစ်၊ နိုဝင်ဘာလအထိ)

၄။ Mr. E.C. Town Send I.A. (မစ္စတာအီးစီ၊ တောင်းဆင်း၊ အိုင်အေ၊ ၁၈၉၇ ခုနှစ်၊ ဒီဇင်ဘာလမှ ၁၉၀၃ ခုနှစ်၊ မေလအထိ)

၅။ Mr. W.A. Hertz C.I.S. (မစ္စတာဟတ်ဇ်စီအိုင်အက်စ် ၁၉၀၃ ခုနှစ်၊ မေလမှ)

## မြစ်ကြီးနားမြို့ရေကာတာရိုးလမ်း

၁၈၉၅ ခုနှစ်၊ ဇွန်လတွင်မြစ်ကြီးနားမြို့၌ ဧရာဝတီမြစ်ကြီးရေကြီးလာ၍ ရေလွှမ်း မိုးခဲ့ပါသည်။ ထိုအခါ အမေရိကန် သာသနာပြုဆရာကြီး ဂိုက်စ်က အရေးပိုင် မင့်နစ်ထံ လူလွှတ်၍ လူတွေကို ကယ်ဆယ်ရေးအစီအစဉ်လုပ်ရန် သွားပြောခိုင်းသော အခါ အရေးပိုင်ကြီး မင့်နစ်က အိပ်ရာပင်မထသေးဟုဆိုသည်။ ထိုအခါ ဆရာကြီး ဂိုက်စ်ကိုယ်တိုင် အရေးပိုင်၏ အိမ်သို့လာ၍ ပြောသောအခါ အိပ်ရာကမထသေးသည့် အပြင် ငါ့ကိုအနှောင့်အယှက်ပြုတာ ဘယ်ကခွေးကောင်လဲဟု ဟောက်လိုက်သည် ဆိုသည်။ ထိုအခါ ဆရာကြီးဂိုက်စ်က ချက်ခြင်းပြန်သွားပြီး ကြေးနန်းရုံးသို့သွား၍ စစ်ကိုင်းမင်းကြီးထံသို့ ကြေးနန်းစာဖြင့် မြစ်ကြီးနားမြို့ရေလွှမ်းမိုးနေသည်၊ ရေလွှမ်းမိုး နေသောမြို့သူမြို့သားများကို ကယ်ဆယ်ရေးအတွက် အရေးပိုင်ထံကိုယ်တိုင်သွားတွေ့ ရာ အိပ်ယာကမထသေးဘဲ ဘယ်ကခွေးလဲဟု ဆဲလွှတ်လိုက်သည်။ အချိန်က (၈) နာရီခန့်ဟု အကြောင်းကြားလိုက်သည်။ ထိုအခါ ချက်ခြင်းပဲ မစ္စတာမင့်နစ် အရေးပိုင် ကို ၄င်းနေ့၌ပင် စစ်ကိုင်းမင်းကြီးက အရေးပိုင်အရာမှ ဖြုတ်ချပြီး ပြန်ခေါ်ယူလိုက်သည် ဟု ဆိုသည်။

ထိုနှစ် ၁၈၉၅ ခုနှစ်မှ ၁၈၉၇ ခုနှစ်အတွင်း မြစ်ကြီးနားမြို့ ရေကာတာရိုးလမ်းများကို ပြုလုပ်သည်ဆိုသည်။ ၄င်းနှစ်များမှ စ၍ မြစ်ကြီးနားမြို့ကို ဧရာဝတီမြစ် (၁၀)နှစ်အတွင်း တစ်ကြိမ်ရေကြီးလွှမ်းမိုးမှုမှ ကာကွယ်နိုင်ခဲ့ရခြင်း ဖြစ်သည်ဟု ဆိုသည်။

## မြစ်ကြီးနားမြို့သို့ မီးရထားစရောက်လာခြင်း

၁၉၀၃ ခုနှစ်ဦးမှစ၍ မြစ်ကြီးနားမြို့သို့ မီးရထားကောင်းစွာ စတင်ဆိုက်ရောက်ခဲ့သည်။ ရန်ကုန်မှမြစ်ကြီးနားမြို့အထိ မိုင်ပေါင်း (၇၂၃) မိုင် ရှည်လျားကြောင်း ဖော်ပြထားသည်။

## ပညာသင်ကြားရေး

မြစ်ကြီးနားမြို့တည်ခါစအချိန်တွင် ကလေးများ၏ ပညာသင်ကြားရေးမှာ၊ အမေရိကန်နှစ်ခြင်းသာသနာပြုဆရာများ ဖွင့်လှစ်ထားသော (အေဘီအမ်) ကျောင်းတစ်ကျောင်း၊ အင်္ဂလိပ်များဖွင့်လှစ်သော ယခုအမှတ်(၁) အထကတွင် တစ်ကျောင်း၊ အမျိုးသားကျောင်း ယခုအမှတ်(၁) အလကနေရာတွင် (Town Fund) ကျောင်းဟူ၍တစ်ကျောင်း၊ ဝန်းသိုဘုန်းကြီးကျောင်းနှင့် မန္တလေးဘုန်းကြီးကျောင်းဟူ၍သာ ရှိခဲ့သည်ဆိုသည်။ အင်္ဂလိပ်များ ဖွင့်လှစ်သော အင်္ဂလိပ်ကျောင်းကို ပထမတွင် ယခု မြို့ဂုဏ်ရောင် ရုပ်ရှင်ရုံနေရာတွင် ဖွင့်ထားရာ ၁၉၁၈ ခုနှစ်တွင် မီးလောင်သွားသဖြင့် ခေတ္တရှမ်းစုမြောက်ပိုင်းဓမ္မာရုံနားရှိ ကုလားဘုံအိမ်ဇရပ် (ယခုကချင်ဆိုင်) နေရာတွင် စာသင်နေရသည်။ ထိုနေရာတွင် မဆန့်၍ မင်းရပ်အမှတ်(၁)အလက နေရာတွင် စာသင်ကျောင်းခွဲ၍ ဖွင့်လှစ်ခဲ့ရသည်။ ထိုနေရာမှ ပထမကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်း ၁၉၂၄ ခုနှစ်မှ ယခုအမှတ်(၁) အထကနေရာသို့ ပြောင်းရွှေ့တည်ဆောက်ပြီး ပညာသင်ကြားသည်မှာ ယခုနိုင်ငံတော် အစိုးရမှ အမှတ်(၁)အထကကျောင်းအဖြစ် ဆက်လက်တိုးချဲ့တည်ဆောက်ထားသည်အထိ ဖြစ်ပါသည်။ ထိုအင်္ဂလိပ်ကျောင်းတွင် ပထမဆုံး ကျောင်းအုပ်ဆရာကြီးများမှာ– (၁) မစ္စတာဂွမ်း (၂) မစ္စတာချက်ပါမင်း တို့ဖြစ်ကြောင်းသိရှိရပါသည်။

၁၉၂၄ ခုနှစ်တွင် အစိုးရ အင်္ဂလိပ်ကျောင်းကြီး ပြောင်းရွှေ့သွားပြီးနောက် အစိုးရ အထောက်အပံ့နှင့် လူထုကောက်ခံငွေဖြင့် အမျိုးသားကျောင်း (Town Fund School) ဟူ၍ စတင်ဖွင့်လှစ်တည်ထောင်ပြီး ပညာသင်ကြားလာခဲ့ပါသည်။ ယခု လက်ရှိအမှတ် (၁) အလကကျောင်းပင်ဖြစ်ပါသည်။ ထိုအမျိုးသားကျောင်း (Town Fund School) တွင် ဒုတိယကမ္ဘာစစ်ကြီးအထိ ကျောင်းအုပ်ဆရာကြီး လုပ်ခဲ့သူသည်၊ ယခု ၁၉၈၄–၈၈ ကချင်ပြည်နယ် ပြည်သူ့ကောင်စီပြည်နယ်တရားသူကြီးအဖွဲ့ဉက္ကဋ္ဌ ဦးမောင်မောင်လေး၏ဖခင် ဆရာကြီးဦးပွတ်စိုး ဖြစ်ပါသည်။

## အမေရိကန်သာသနာပြုအောဘီအမ်ကျောင်း

ဆရာကြီးဂိုက်စ်သည် အင်္ဂလိပ်အစိုးရထံ အမြဲတန်းနေရာတောင်းရာ ၁၈၉၅ ခုနှစ် မြို့တိုင်းထွာသောအခါ မြို့၏အပြင်ဘက် ယခုကေဘီအက်စ်ကျောင်းဝင်းနေရာကို ပေးသည်ဆိုသည်။ ယခုလက်ရှိဆရာကြီး၏အိမ် အဆောက်အဦး၏ အရှေ့ဘက် မြစ်ကမ်းနားဘက်တွင်ဝါးဖြင့် ခေတ္တစာသင်ကျောင်းကို ဆောက်လုပ်၍ ကလေးများကို ပညာစတင် သင်ပေးသည်။ ထိုစဉ်ကကျောင်းသားများမှာ (၁) ရှလွမ်နော် (၂) တရုတ် ကလေးအာတဲ့ခေါ် လောလု (၃) ကွမ်ဘူရှောင် (၄) မရန်မဒေါရ (ဒူဝါဇော်ရစ်၏မိခင်) တို့ ဖြစ်ကြသည် ဆိုသည်။ ကျောင်းကို ဆက်လက်ဖွင့်လာခဲ့ရာ ၁၉၁၀ ခုနှစ်တွင် ကျောင်းသား/သူ အပေါင်း (၅၃) ယောက်အထိ ရှိလာခဲ့ပါသည်။ ထိုမှ ဆက်လက်၍ ပညာသင်ကြားလာခဲ့သည်မှာ ကျောင်းသားကျောင်းသူ ထောင်ပေါင်းများစွာကို စာပေပညာ ခရစ်ယာန်ဘာသာကျမ်းဂန်များ သင်ကြားပေးခဲ့သော ကေဘီအက်စ် အထက်တန်းကျောင်းကြီးအထိ ဖြစ်လာပါသည်။

ဤအမေရိကန် နှစ်ခြင်းသာသနာပြု ကျောင်းမှ ဘာသာရေးဆိုင်ရာများ၊ စာပေပညာများ၊ လူမှုရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လက်မှုပညာရပ်များ၊ ပန်းဘဲ၊ လက်သမား၊ အပ်ချုပ်ပညာ စသောပညာရပ်များ သင်ကြားပို့ချပေးခဲ့သောကြောင့်၊ ဤကျောင်းမှအခြေခံပြီး နယ်အနှံ့အပြား ယင်းပညာများ ပြန့်နှံ့သွားစေ၍ ကချင်အမျိုးသားတို့သည် စနစ်သစ်ဖြင့် နှစ်ပေါင်း (၁၀၀ ) အတွင်း ဦးတဟုန်ထိုး တိုးတက်များပြားလာကြကြောင်း မှတ်တမ်းတင်ရေးသားထားပါသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီ ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်ကနောင် ဆောင်ရွက်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ် ကြီးပြီး၍ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးသည့် နောက်ပိုင်းတွင် ကချင်နှစ်ခြင်း ခရစ်ယာန်သာသနာပြုအထက်တန်း ကျောင်းဖြစ် လာပြီး ဆရာကြီး ဦးမရန်ဘရန်ဆိုင်းက ကျောင်းအုပ်ကြီးတာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ နောက်ပိုင်းတွင် အစိုးရမှ ပြည်သူပိုင်ကျောင်းပြုလုပ်၍ ယခုအခါစက်မှုလက်မှု အထက်တန်းကျောင်းဟု ဖွင့်လှစ်သင်ကြားနေသော ကျောင်းကြီးဖြစ်လာခဲ့သည်။

## မြစ်ကြီးနားမြို့လယ်အီစလမ် ပလီဘုရားရှိခိုးကျောင်း

မင်းရပ်၌တည်ရှိသော အီစလမ် ဘာသာဝင်များ၏ မြစ်ကြီးနားမြို့လယ်က အီစလမ်ပလီဘုရားရှိုးခိုးကျောင်းကို ၁၈၉၁ ခုနှစ်ခန့်ကစတင်တည်**ထောင်ခဲ့သည်**။ သို့သော် ၁၉၀၃ ခုနှစ် မစ္စတာဟတ်စ် အရေးပိုင်လုပ်သော လက်**ထက်ကျမှ စနစ်တကျ** တည် ဆောက်ခဲ့သည် ဆိုသည်။

## မန်းခိန်း ခေါ်ဝေါ်ခြင်း။

ကမ္ဘာ့သမိုင်း ၊ မြန်မာ့သမိုင်း စာအရ အာရှတိုက်တစ်ခုလုံး ကို စိုးမိုးခဲ့သော မွန်ဂိုဧကရာဇ် ဘုရင်ကူဗလေခန်၏ လက်ထက် ခရစ်သက္ကရာဇ် ၁၂၂၇ ခုနှစ် ခန့်တွင် စစ်ဗိုလ်ကြီး ဆရှဒင်ဦးစီးသော လူရိုင်းဘာသာ တရုတ်စစ်သည် (ကချင်လိုမီဝါကျော်ဝေါင်း ) ခေါ်လူအုပ်ကြီးတို့သည် မြန်မာနိုင်ငံ မြောက်ဘက်ပိုင်းတွင် ဝင်ရောက်မွှေနှောက်နေချိန် ဖြစ်ဟန်တူသည်။ လူကြီးများပြောဆိုလာခဲ့သောစကားအရ မြစ်ကြီးနားမြို့မှ မြောက်ဘက် (၁၆) မိုင်ခန့်တွင်ဧရာဝတီမြစ်ကြီးကို ဖြတ်ကူးသွားရန် တာတာစစ်သားတစ်ယောက်လျှင်ကျောက်ခဲတစ်လုံးစီ မြစ်ထဲသို့ပစ်သွင်းလိုက်ရာ ဧရာဝတီ မြစ်ကြီးပင် တိမ်ကောလာသည်ဆိုသည်။ ဘယ်လောက်များပြားသည့် လူအုပ်ကြီးဖြစ်မှန်းကို ခန့်မှန်းလို့မရနိုင် ဟုဆိုသည်။ ထိုနေရာမှတာတာစစ်သည်အအုပ်ကြီးတို့သည် မြစ်ကိုဖြတ်ကူးလာပြီး အနောက်ဘက်ကုလားပြည်ဘက်သို့ သွားကြသည်ဆိုသည်။ ထို့ကြောင့်ထိုနေရာကို ယခုထက်တိုင် 'မီဝါရပ်လုံရှိုင်' (Miwa Rap Lung Rai)

တရုပ်ကူးကျောက်ခင်းကူးတို့ဟု ကချင်လိုခေါ်ဝေါ်လျက်ပင်ရှိသေးသည်။

ထိုအချိန်တွင် ပုဂံခေတ်နရသီဟပတေ့ ဘုရင်လက်ထပ်၌ဖြစ်၍ ရှင်ဒိသာပါမောက္ခသည် တရုပ်နိုင်ငံပီကင်းမြို့သို့ ကြွရောက်၍ကူဗလေခန်ဘုရင် ဧကရာဇ်နှင့်သွားတွေ့ဆုံပြီး မြန်မာနိုင်ငံမြောက်ပိုင်းရှိ တာတာစစ်သည်တို့ကို ပြန်လည် ရုတ်သိမ်းပေးပါမည်အကြောင်း အရေးဆိုခဲ့သည်။ ထိုသို့အရေးဆိုရာတွင် သာသနာတော်ကို အကြောင်းခံ၍ ဟောပြောခြင်းဖြစ်သောကြောင့် ကူဗလေခန်ဧကရာဇ်လည်း နှစ်သက်ကျေနပ်သဘောကျသဖြင့် သဘောတူလိုက်သည်ဆိုသည်။ ထိုနောက်မကြာမီ မြန်မာနိုင်ငံတွင် ရောက်ရှိနေသောတာတာစစ်သည်များကို ပြန်လည်ရုတ်သိမ်းသွားသည်ဆိုသည်။ရှေးလူကြီးများပြောလာသော စကားအရ ထိုအခါက ဗမာဘုရင်၏စစ်သည်တို့ချီတက်လာပြီး ယခုမန်ခိန်းခေါ်သောအရပ်တွင် စခန်းချရပ်နားပြီး နယ်၏အခြေအနေများကို စုံစမ်းစစ်ဆေးကြည့်ရှုခဲ့သည် ဆိုသည်။ ထိုကြောင့်ထိုဗမာစစ်သည်များ စခန်းချရပ်နားရာအရပ်ကို မန်ခရိန်းအရပ်ဟုခေါ်သည်။ မန်–ဗမာ၊ ခရိန် (ဝါ) ခိန်း–ရပ်နား သည်။ ဗမာများ စခန်းချရပ်နားသော အရပ်ဟုခေါ်ဝေါ်ခြင်းဖြစ်ပါသည် ဆိုသည်။

ဗမာစစ်သည် တို့သည် ၎င်း မန်ခိန်းအရပ်၌ စခန်းချရပ် နားပြီး အထက်ဘက်သို့ တာတာ တရုတ်များ ကူးသွားသည့် နေရာ ကို သွားရောက်ကြည့်ရှုလေ့လာရင်း ၊ မေခနှင့်မလိခမြစ်ဆုံရာ အရပ်သို့ ရောက်သွားကြသည်ဆိုသည်။ အပြန်ကျတော့ဝါးဖောင်များဖွဲ့ပြီးမျှောလာကြရာ မြစ်ကြီးနား မှ မိုင် (၂၀) ခန့်ရှိ ရေတံခွန် တွင် ရေနစ်ကြကုန်ရာ ၎င်းအနားရှိ မော်ခန်းခေါ်ကချင်ရွာက ရွာသားများက လှေများ၊ ဖောင်များဖြင့် ကယ်ဆယ်ယူကြသည်ဆိုသည်။ ၎င်းအချင်းအရာကို အစွဲပြု၍ ယခုထက်တိုင် 'မန်ဆိုင်းရွမ်' ဗမာဆယ်ယူသော ရေတံခွန် ဟုခေါ်လေ့ရှိသေးသည်။

ရှေးကဗမာကို မန်ခေါ်သည်။ ယခု မြေန်းဟု ခေါ်လေ့ရှိသည်။ ဆိုင်း–ဆယ်ယူသည်။ရွမ် – ရေတံခွန် ဟုခေါ်သည်။ အထက်ပါ အချင်းအရာတို့သည် အလွန် မှတ်သားဖွယ်ရာ ကောင်းသော အကြောင်းအရာများ ဖြစ်ပါသည်။

## မန်ခိန်းရွာကို စတည်ခြင်း ။

ထိုရေးဗမာ စစ်သည်များစခန်း ချရပ်နားခဲ့သော နေရာအရပ်တွင် ယခင်က ရွာမရှိချေ။ ၁၈၉၅ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် ဆရာကြီး ဂိုက်စ်ဦး ဆောင်၍ ဆလန်ရှုလွမ်တူး၊ ဆလန်ဖော်ဝမ်နော်ဂျီးတို့ ပထမဦးဆုံးသွားပြီး ထိုနေရာ၌ ဆုတောင်း၍ ရွာစတည်ခဲ့သည်။ ထို့နောက်တစ်နှစ်နှင့်တစ်နှစ် လူနေအိမ်များလာခဲ့ရာ ပထမဦးဆုံးနေထိုင်ခဲ့သောအိမ်ခြေစာရင်းမှာ - (၁) ဆလန်ရှုလွမ်တူးမိသားစု၊ (၂)ဦးဖေါ်ဝမ်နော်ဂျီးမိသားစု၊ (၃) ဦးပိတုံးါးခန်းလမိသားစု၊ (၄)ဦးလောမိသားစု၊ (၅)ဦးလဖိုင်းယော်မိသားစု၊ (၆)ဆလန်လနိုင်နော်မိသားစု၊ (၇)ဦးလနဓော်ဂမ်မိသားစု၊ (၈)ဦးကွမ်တူဝါမိသားစု၊ (၉)ဦးဖဂါဝါမိသားစုတို့ အိမ်ခြေကိုးအိမ်သာဖြစ်၍ နောက်ပိုင်းမှအိမ်ခြေများပြားလာခြင်း ဖြစ်သည်။ ၄င်းမှတိုးချဲ့၍ မန်ခိန်းလီဆူးရွာကို ဆလမ်ဝေါတာနှင့်ဇနီးမဓော်နာဒူတို့က စတည်ခဲ့သည်။ ဆရာကြီးများ၊ ခရစ်ယာန်မိသားများနေထိုင်ရန် စတည်ပေးသောရွာဖြစ်သောကြောင့် မန်ခိန်းဆရာက ထောင်ဟု ယခုထက်ထိ ခေါ်ဝေါ်ကြသည်။ *(ခရစ်ယာန်သမိုင်းစာအုပ်အရ)*

## အင်ဘွန်လွပ်ခေါ်ရာမှရွှေစက်ခေါ်ဝေါ်လာခြင်း

ယခုဟူးကောင်းနယ်တွင် ပွားများနေထိုင်ကြသော ကချင်အင်ဘွန်းဂျီဆင်းမျိုးနွယ်စုတို့နေထိုင်ခဲ့စဉ် ၄င်းတို့၏အဖိုးကို ထိုနေရာရှိတောင်ကုန်းပေါ်တွင် သင်္ချိုင်းကြီးတူး၍ သင်္ဂြိုဟ်ထားပြီး ဟူးကောင်းဘက်သို့ပြောင်းရွှေ့သွားကြသည်။ ထိုအင်ဘွန်းဝါ၏ သင်္ချိုင်းကြီးကို အစွဲပြု၍ အင်ဘွန်လွပ်ခေါ်ဝေါ်ကြသည်။ အင်ဘွန်း- အင်ဘွန်းဂျီဆင်းတို့၏အဖိုး။ လွပ် - သင်္ချိုင်း။ ထို့ကြောင့် အင်ဘွန်းလွပ် (Mbawn Lup) ဟု ခေါ်သည်။ ထိုနေရာတွင် ၁၉၀၅ ခုနှစ်မှ ၁၉၁၄ ခုနှစ်အတွင်း ဂျာမဏီလူမျိုး မစ္စတာဘန်နီ (Mr. Banny) ဆိုသူ မန်နေဂျာပြုလုပ်သော ဂျာမဏီရွှေရှာဖွေ တူးဖေါ်ရေးအဖွဲ့သည် ယင်းအင်ဘွန်လွပ်အရပ်တွင် စခန်းချ၍ စက်ကြီးနှင့်ရွှေတူးဖေါ်နေရာမှ အင်ဘွန်လွပ်အရပ်ကို ရွှေစက်ဟု ခေါ်ဝေါ်လာကြခြင်း ဖြစ်သည်။ ၁၉၁၄ ခုနှစ်တွင် အင်္ဂလိပ်နှင့်ဂျာမဏီတို့ တိုက်ခိုက်ရာမှစ၍ ပထမကမ္ဘာစစ်ဖြစ်လာသောကြောင့် မစ္စတာဘန်နီကို ရွှေရှာဖွေတူးဖေါ်ရေးလုပ်ငန်းများကို ရပ်ဆိုင်းစေလိုက်သည်ဆိုသည်။

ချက်ချင်းလည်းနင်ထုတ်လိုက်သည် ဆိုသည်။ ၎င်းစက်များကို ဒုတိယကမ္ဘာစစ်ကြီး မဖြစ် မီအထိ ၎င်းအရပ်၌ပျက်၍ ကျန်ရစ်နေခဲ့သည်ကို တွေ့မြင်ရသေးသည်။

## ဆုတောင်းပြည့်ဘုရား

မြန်မာသက္ကရာဇ် ၄၇၄– ၅၁၉ ခုနှစ်၊ အင်္ဂလိပ်သက္ကရာဇ် ၁၁၁၂ – ၁၁၆၇ ခုနှစ် အတွင်းနန်းစံခဲ့သော အလောင်းစည်သူမင်းတရားကြီးလက်ထက်တွင် အိန္ဒိယပြည်မဇ္ဈိမ ဒေသမှ အရှင်ပုံသကူမထေရ်မြတ်ပင့်ဆောင်လာသောမြတ်စွာဘုရား၏ သရီရဓါတ်တော် ကိုဌာပနာ၍၊ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း သာယာကုန်းရွာ၏ မြောက်ဘက်နန့် စန်းချောင်းတောင်ဘက်တွင် တည်ထားခဲ့လေသည်။ ထိုအချိန်တွင် လောကမာန်အောင် ဘုရားဟုခေါ်တွင်သည်ဆိုသည်။

ဆင်ဖြူရှင်မင်းတရား မြန်မာသက္ကရာဇ် ၁၁၂၈– ၁၁၃၁ ခုနှစ်၊ အင်္ဂလိပ် သက္ကရာဇ် ၁၇၆၅– ၁၇၇၄ ခုနှစ်လက်ထက်တွင် တရုတ်ယူနန်နယ်ဧကရာဇ်ချင်း ယုံမင်း အားအရုတ် မြန်မာနယ်စပ်ရှိ ကွေ့ရှမ်းတို့က ဂုန်းချောသောကြောင့်၊ တရုတ်ဧကရာဇ် မင်းသည်ချူမန်ပိုင်ဦးစီးသော တရုတ်စစ်တပ်နှင့် မြန်မာပြည်အား သိမ်းပိုက်ရန် စေလွှတ်လေသည်။ ဆင်ဖြူရှင်မင်းတရားကြီးသည် ၎င်းသတင်းကိုကြားသိသောအခါ လက်ဝဲဝင်းတော်မှူးအား စစ်သည်တော်အမြောက်အများနှင့် ချင်းယုံမင်း၏ စစ်သည် တော်များကိုနှိမ်နင်းရန် စေလွှတ်ခဲ့လေသည်။ထိုအခါလက်ဝဲဝင်းတော်မှူးသည် သာယာကုန်းရွာ၏ မြောက်ဘက် တွင်စခန်းချပြီး စစ်ချီတိုက်ခိုက်သောအခါ အောင်မြင် လာခဲ့ရသဖြင့်၊ လက်ဝဲဝင်းတော်မှူးသည်သူ၏ ဆုတောင်းမှုအောင်မြင်ပြည့်စုံသော ကြောင့်၊ လက်ဝဲဝင်းတော်မှူးက ထိုဘုရားကို ထပ်မံမွမ်းမံတည်ထားတော်မူပြီး ဆုတောင်းပြည့်ဘုရားဟု ခေါ်တွင်ခဲ့လေသည်။

ယင်းဆုတောင်းပြည့်ဘုရားသည် ဧရာဝတီမြစ်ကမ်းနဖူးပေါ်တွင် တည်ထား သည်ဖြစ်၍ မြစ်ရေ၏တိုက်စားမှုကြောင့် ပြိုကျယိုယွင်းဆဲဖြစ်လာခဲ့သဖြင့် မြန်မာ သက္ကရာဇ် ၁၂၉၄ ခုနှစ်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၃၂ ခုနှစ်တွင်ထိုပျက်ပြိုကျဆဲဆဲ စေတီ တော်ကိုဆရာဦးကုသာရနှင့် ခတ်ချိုဆရာတော်ဦးဉာဏတို့ကကြီးမှူး၍ ထိုပျက်စီးပြို ကျနေသောစေတီတော်မှ ဓါတ်တော်မွေတော်မြတ်တို့ကိုတူးဖေါ်ယူပြီး မြစ်ကမ်းမှဂိုက်

(၅၀) ခန့်နေရာသို့ပြောင်းရွှေ့၍ စေတီတော်သစ်ကိုထပ်မံတည်ထားခဲ့လေသည်။

တစ်ဖန်ဒုတိယကမ္ဘာစစ်ကြီးဒဏ်ကြောင့် ပျက်စီးယိုယွင်းနေသည်ကို ဝန်းသို ဆရာတော်နှင့် ဗုဒ္ဓဘာသာသူတော်စင်တို့က မြန်မာသက္ကရာဇ် ၁၃၁၆ ခုနှစ်၊ အင်္ဂလိပ် သက္ကရာဇ် ၁၉၅၄ ခုနှစ်တွင် ထပ်မံမွမ်းမံတည်ထားခဲ့လေသည်။ ဤ ဆုတောင်းပြည့် ဘုရားသည် မြစ်ကြီးနားမြို့တွင် ရှေးအကျဆုံး စေတီတော်တစ်ဆူဖြစ်ကြောင်း မှတ် တမ်းတင်ပါသည်။

## ပြည်လုံးချမ်းသာဘုရား (ဝါ) မြစ်ကြီးနားမြို့တောင်ဘုရား

ပြည်လုံးချမ်းသာဘုရားကို မြန်မာသက္ကရာဇ် ၁၂၈၁ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၁၉ ခုနှစ်တွင် မြို့အုပ် ဦးဘုံစွမ်ဆိုသူက စတည်ထားခဲ့သည်။ ၄င်းဘုရားကို မြစ်ကမ်း နားက ရှေးခေတ်က မုဆိုးမဘုရားသည် မြစ်ကမ်းပြိုရာတွင် ပါသွားသဖြင့် ၄င်းထဲမှ ရှေးဟောင်း ဌာပနာပစ္စည်းများကို ဌာပနာ၍ တည်ခဲ့သည်။ ဤဘုရားကို ထိုနေရာ၌ တည်ထားသူသည် အင်္ဂလိပ်ခေတ်က မြို့အုပ်မင်းဦးဘုံစွမ်ဖြစ်၍ အတီးအမှုတ် ဝါသနာပါ သူဖြစ်သောကြောင့်၊ ဖြေဖျော်ရေးအဖွဲ့ ဖွဲ့ပြီး ထိုဖြေဖျော်ရေးအဖွဲ့ဖြင့် အလှူငွေ ရှာဖွေ၍ ရရှိသောငွေဖြင့် ဘုရားကို တည်သည်ဆိုသည်။

ဘုရားစတည်သောအခါ အုတ်မြစ်ချသောကျောက်များကို မြစ်နားက လက် ဆင့်ကမ်းသယ်ယူပြီးတည်ခဲ့သည် ဆိုသည်။

မြန်မာသက္ကရာဇ် ၁၃၂၀ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၅၅ ခုနှစ်၊ မေလ (၅) ရက်နေ့ တွင် အောက်ပါ ဘုရားအမှုဆောင်အဖွဲ့ကို ဖွဲ့စည်း၍ အုပ်ချုပ်ကွပ်ကဲ လာခဲ့သည်။ (၁) ဦးတေလာသ - နာယက (၂) ဦးနစ် - ဥက္ကဋ္ဌ (၃) ဦးထည်းအောင် - ဒု ဥက္ကဋ္ဌ (၄)ဦးဘရှင် - အတွင်းရေးမှူး (၅)ဦးအောင်ကြီး -နှီးဆော်ရေးမှူး (၆) ဦးကျော်သန်းညွန့် - ငွေထိန်း (၇)ကိုသန်းမောင်-စာရင်းစစ် (၈) ဦးကိုကိုကြီး - စာရင်းကိုင် (၉) ဦးထွန်းဝင်း - အဝယ်တော်နှင့် သယ်ယူရေး (၁၀)ကိုတင်သောင်း - အဖွဲ့ဝင် (၁၁) ဦးချစ်လွင်း - အဖွဲ့ဝင်။

ဤပြည်လုံးချမ်းသာ ဘုရားဝင်းတွင် ဆရာတော် ဦးတေလာသက ခရစ် သက္ကရာဇ် ၁၉၅၈-၅၉ ခုနှစ်မှစ၍ မိဘမဲ့ကလေးများကို စောင့်ရှောက်ထိန်းသိမ်းသော

ပရဟိတကျောင်းကို ဖွင့်လှစ်တည်ထောင်ခဲ့သည်။ ယင်း ပရဟိတကျောင်းကို ၁၉၆၀–၆၁ ခုနှစ်ဘဏ္ဍာတော်နှစ်မှစ၍ အစိုးရမှ ထောက်ပံ့ခဲ့သည်။

ဤကျောင်းဝင်း၌ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၁၀) ရက်နေ့၌ ပထမဦးဆုံးသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတကြီး စောရွှေသိုက်က ဇောမိပင်ပျိုးကို စိုက်ပျိုးလှူဒါန်းထားပါသည်။ ယခုထက်တိုင် ယင်းဇောမိပင်ကြီး ရှိပါသေးသည်။

*(ဘုရားအမှုဆောင်လူကြီးများမှ)*

## ပမ္မတီးလေယာဉ်ပျံကွင်းကြီး

ပမ္မတီးလေယာဉ်ပျံကွင်းကြီးသည် ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၃၉–၄၁ ခုနှစ်အတွင်း အင်္ဂလိပ်တို့က စစ်ကြိုခေတ်တွင် တည်ဆောက်ထားခဲ့ပါသည်။ ဂျပန်ခေတ်အချိန်၌ ဂျပန်များက လူထုအင်အားနှင့် ပြုပြင်မွမ်းမံပြီး စစ်လေယာဉ်ပျံများအတွက် အသုံးပြုခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီး၍ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိခဲ့သည့်နောက်ပိုင်း နိုင်ငံတော်အစိုးရမှ ပြန်လည်တိုးချဲ့မွမ်းမံတည်ဆောက်ထား၍ ယခုအခါ ဂျက်လေယာဉ်ပျံကြီးအထိ ဆိုက်ရောက်နိုင်သော အရပ်သုံးလေယာဉ်ကွင်းကြီး ဖြစ်လာတော့သည်။

ပမ္မတီးခေါ်ဝေါ်ခြင်း – ပမ်း = ကိုင်းတော မတီး = သတေပင် – ကချင်ဘာသာဖြင့် ကိုင်းတောရှိ သတေပင် စခန်းအရပ်၌လေယာဉ်ပျံကွင်း တည်ဆောက်ထားသောကြောင့် ပမ္မတီး လေယာဉ်ပျံကွင်းကြီးဟု ခေါ်ရခြင်း ဖြစ်ကြောင်း မှတ်တမ်းတင်ရပါသည်။

မော်ဖောင်းစစ်သုံး လေယာဉ်ပျံကွင်းနှင့် ဆီတာပူ လေယာဉ်ပျံကွင်းဟောင်းကြီးတို့သည် ဒုတိယကမ္ဘာစစ် ၁၉၄၄–၄၆ ခုနှစ်အတွင်း မဟာမိတ် တပ်ပေါင်းစုမှ စစ်သုံးအတွက် အသုံးပြုရန်တည်ဆောက်ထားသော လေယာဉ်ပျံကွင်းများ ဖြစ်ကြသည်။

Myitkyina (24).jpg

## မြစ်ကြီးနားမြို့တွင် လျှပ်စစ်မီးစတင်လင်းခြင်း

မြစ်ကြီးနားမြို့ပေါ်တွင် ရေနံဆီမီးတိုင်များဖြင့် လမ်းဆုံလမ်းခွတိုင်း၌ ထွန်းညှိနေရာမှ ၁၉၃၇ ခုနှစ်တွင် မစ္စတာဂိုက်ဆိုသူ အင်္ဂလိပ်တစ်ယောက်က ယခုဆမားကြီးအိမ်ဝင်းတွင် ပထမဆုံး ထင်းစိုက်သည့် ဘွိုင်လာစက်ဖြင့်သုံး၍၊ နောက်ပိုင်းတွင် ဒီဇယ်စက်ကြီးတစ်လုံးတည်၍ မြစ်ကြီးနာမြို့ကို လျှပ်စစ်မီး စတင်လင်း စတင်လင်းခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် (E S B) လျှပ်စစ်ကော်ပိုရေးရှင်းမှ မြစ်ကြီးနားမြို့မှ မြို့၏ပတ်ဝန်းကျင်အထိ **လျှပ်စစ်မီးလင်းခဲ့သည်။**

## ဒုတိယကမ္ဘာစစ်ကြီးနှင့်မြစ်ကြီးနား

ဒုတိယကမ္ဘာစစ်ဖြစ်လာ၍ ၁၉၄၂ ခု **နှစ်ဦးလောက်တွင် အင်္ဂလိပ်**များတို့သည် မြန်မာပြည်မြစ်ကြီးနားမြို့မှ နောက်ဆုံးလေကြောင်းလမ်း၊ **ကုန်း**ကြောင်းလမ်းတို့ဖြင့် အိန္ဒိယပြည်သို့ ဆုတ်ခွာထွက်ပြေးသွား ကြသည်။ ၎င်းတို့၏နောက်ခံလိုက်၍ ထိုနှစ်၌ပင် ဖက်ဆစ်ဂျပန်တို့သည် သေနတ်တစ်ချက်မှမဖောက်ဘဲ မြစ်ကြီးနားမြို့ကို သိမ်းပိုက်စိုးမိုးခဲ့သည်။ ဂျပန်လက်ထဲရောက်သွားသော မြစ်ကြီးနားမြို့သည် ဂျပန်တို့၏ အခိုင်အမာတပ်စွဲထားသော ဂျပန်စစ်ဌာနချုပ်မြို့ဖြစ်လာတော့သည်။

ဂျပန်စစ်ဝါဒီများ စိုးမိုးသောအချိန်၌ မြစ်ကြီးနားမြို့တွင် ဂျပန်တို့ က တိုင်းသူပြည်သားများကို ညှင်းပန်းနှိပ်စက်နေကြရာ သခင်နက်ဖေဦးဆောင်သော ဗမာပြည်သခင်အဖွဲ့တို့က အုပ်ချုပ်ကွပ်ကဲမှုဘက်တွင်ပါဝင်၍ တိုင်းသူပြည်သားများတို့ ကိုကာကွယ်စောင့်ရှောက်မှုကြောင့် အသက်ပေါင်းများစွာ ချမ်းသာရာ ရရှိခဲ့ကြောင်း သိရှိခဲ့ရသည်။ ထို့ကြောင့် မြို့သူမြို့သားများက သခင်နက်ဖေအား သတိရသောအနေဖြင့် ဘူတာရုံလမ်းကို သခင်နက်ဖေလမ်းဟူ၍ သတ်မှတ်ပြီးမှတ်တမ်းတင် ခေါ်ဝေါ်ကြပါသည်။

## မြစ်ကြီးနားလေယာဉ်ကွင်းသိမ်းပိုက်ခြင်း

မဟာမိတ်စစ်ဗျူဟာအဖွဲ့မှ မြန်မာပြည်မြောက်ပိုင်းဒေသဆိုင်ရာ စစ်မှူးချုပ်

ကြီး ဗိုလ်ချုပ်ကြီး စတေးဝေးလ် အုပ်ချုပ်ကွပ်ကဲသည့် လက်အောက်အမှတ် (၅၃၀၇) တပ်ဖွဲ့မှ ဗိုလ်ချုပ် မာရီးဦးဆောင်သော တပ်ဖွဲ့တို့သည် ဟူးကောင်းတောင် ကြားကို ဖြတ်ကျော်လာပြီး ဟူးကောင်းနယ်တစ်လျှောက် နော်ဘွမ်းရွာတွင် စခန်းချ၍ ၄င်းမှ ဗိုလ်မှူး ဟန်နတာ ဦးစီးသော အမှတ် (၅၃၀၇) တပ်ခွဲနှင့် ဗိုလ်မှူးကြီး အော်ဘွန်း ဦးစီးသော (၁၅၀) တရုတ်ရီဂျီမင့်တပ်ဖွဲ့၊ ကာနယ်ပီးယားစ်ဦးဆောင်သော စစ်စုံထောက်ရေးအဖွဲ့မှ ဗိုလ်မှူးကြီး မတ်ဂီ ဦးစီးသော (၁၀၁) ဒီတက်ချ်မင်၏ ကချင်ထောက်လှမ်းရေးနှင့် လမ်းပြပျောက်ကြားတပ်ဖွဲ့တို့သည် ၁၉၄၄ ခုနှစ်၊ မေလ (၁၇) ရက်နေ့တွင် မြစ်ကြီးနား၏ လေယာဉ်ပျံကွင်းကြီးကို နန်းကွေ့ဘက်မှတစ်ဘက်၊ အမှတ် (၁၅၀) တရုတ်ရီဂျီမင့်တပ်ဖွဲ့တို့က ပမ္မတီးဘက်မှ အရှေ့ဘက်ကတစ်ဘက် နှစ်ဖက်ညှပ်၍ အလစ်ဝင်စီးပြီး လေယာဉ်ကွင်းကြီးကို သိမ်းပိုက်ယူနိုင်ခဲ့လေသည်။ ထိုလေယာဉ်ကွင်းကြီး သိမ်းပိုက်ယူစဉ် ပါဝင်ခဲ့သော (၁၀၁)တပ်ဖွဲ့မှလမ်းပြရှေ့ ဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များမှာ– (၁) ဦးဇိန် ထုံးနော် (လျှပ်စစ်တပ်ဖွဲ့မှဆူဘီဒါ) ယခုဇနရပ်ကွက်တွင် အသက်ထင်ရှားရှိသည်။ (၂) ဦးကွမ်ရင်ဂမ်–မနိုင်ခိန်း (ကွယ်လွန်) (၃) ဆူဘီဒါဒိန် ရင်းကျဝိုင်–နမ္မတီး (ကွယ်လွန်) (၄) ဦးလဖိုင်ဇော်ဆိုင်း–အင်ဂျန်း ကောင်းနေ (ပင်စင်စား) (၅) ကထန်ဘွမ်ဂွမ်ဂျာ–နယ်ဂျင်း (၆) တောခေါင်းဝေါ့ ယံနော်– ကြာရာ ပတ္တီးနေ (မြေကွက်ကိုက်ခံရသူ) (၇) အင်ဝေါမစော–နမ္မတီး တို့ဖြစ်ကြသည်။ ထိုအချိန်၌ မြစ်ကြီးနားမြို့တွင် ဂျပန်စစ်ဗိုလ်ချုပ်ကြီး မစ်ရူကာမီ အုပ်ချုပ်ကွပ်ကဲသော ဂျပန်စစ် တပ်မကြီး တပ်စွဲထားသောမြို့ ဖြစ်သည်။

## မြစ်ကြီးနားမြို့ကိုဂျပန်လက်မှတိုက်ခိုက်သိမ်းယူခြင်း။

လေယာဉ်ကွင်းကြီးကို သိမ်းယူပြီးနောက် (၃) လခန့်အကြာ၊ ဩဂုတ်လကုန် လောက်တွင် မဟာမိတ်တပ်ဖွဲ့တို့က အဘက်ဘက်မှ အပြင်းအထန်တိုက် ခိုက်ခြေမှုန်း၍ မြို့ကို သိမ်းပိုက်ယူနိုင်ခဲ့သည်။ ထိုအချိန် မြစ်ကြီးနားမြို့တွင်းမှ ဂျပန်စစ်ဗိုလ်ချုပ်ကြီး မီစူကာမီ၏ တပ်မကြီးနှင့် အနောက်ဘက်မှ ဂျပန်စစ်ဗိုလ်ချုပ်ကြီး ဇာနကါး၏ တပ်မ ကြီးတို့သည် မဟာမိတ်တပ်ဖွဲ့တို့၏ ထိုးစစ်ကို မခံနိုင်၍ ပြိုကွဲ ဆုံးရှုံးခဲ့ရသည်။

*(တက္ကသိုလ်နန္ဒ၏မြစ်ကြီးနားတိုက်ပွဲမှ)*

Myitkyina (26).jpg

## ရောမင်ကာသိုလိပ်သာသနာပြုရောက်လာပုံ

၁၈၇၆ ခုနှစ်တရုတ် ကာသိုလိပ်မေရှင်အဖွဲ့ခွဲမှ ဗန်းမော်နယ်သို့ရောက်ရှိလာ၍ သာသနာလုပ်ငန်းကို စတင်ပြုလုပ်ခဲ့သည်။ ၎င်းကို အခြေခံ၍ ၁၈၈၆ ခုနှစ် ရောမသာသနာပိုင်ကြီးပီယို (၉) (Piu 9) ၏လက်ထက်၌ ဆရာတော်ဘုန်းကြီး ဘီးယက် (Biet) ကို ဦးဆုံးစေလွှတ်၍ ဗန်းမော်နယ်တွင် ဌာနချုပ်ထားပြီး ကချင်များအတွက် ရောမင်ကာသိုလိပ် သာသနာစတင်ပြုလုပ်ခဲ့ပါသည်။ ၎င်းနောက် ပြင်သစ်သာသနာပြုဆီဂိုလော့ (C. Gilhodes) နှင့် စီရော့ချ် (C. Roche) တို့က ၁၉၀၀–၁၉၄၅ ခုနှစ်တိုင် စိုက် ပျိုးရေးကိုအခြေခံလျက် သာသနာပြုကြလေသည်။ သို့သော်မြစ်ကြီးနားနယ်တွင်မူ ရောမင် ကာသိုလိပ်သာသနာပြုမှုမှာ အတည်တကျ အခြေချခြင်း မရှိခဲ့သေးပါ။ ၁၉၃၆ ခုနှစ်ကျမှ အိုင်းရစ်စိန်ကိုလမ်ဘန်သာသနာပြု အဖွဲ့မှ ဘုန်းတော်ကြီး ပက်ထရတ်အိုရှား (Patrict Usher) ဦးဆောင်၍ မြစ်ကြီးနားမြို့၌ သာသနာပြုလုပ်ငန်းကို စတင်ပြုလုပ်ခဲ့သည်။ မြစ်ကြီးနားမြို့၌ ပထမဦးဆုံး ယခုမြို့နယ်လျှပ်စစ်ရုံး မြောက်ဘက်မီးရထားလမ်းအကွေ့တဝိုက်တွင် ဘုရားရှိခိုးကျောင်း စတင်တည်ဆောက်၍ ရောမင်ကာသိုလိပ် သာသနာကို ဆရာတော်ကြီးအိုရှား နှင့် ဆရာတော် ဒေါလင်းက စတင်ပြုလုပ်ခဲ့ကြသည်။

၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့်နောက်ပိုင်းတွင် ယခုလက်ရှိမြို့သစ်ရပ်စိန်ကိုလမ်ဘန် သာသနာကျောင်းဝင်းသို့ ပြောင်းရွှေ့ သာသနာဌာနချုပ်ကို တည်ဆောက်ပြီး သာသနာလုပ်ငန်းကို ကျယ်ပြန့်စွာ ပြုလုပ်လာ နိုင်ကြသောကြောင့် လက်ရှိစိန်ကိုလမ်ဘန် ဘုရားရှိခိုးကျောင်းကြီးကို တည်ဆောက်နိုင်၍ ၁၉၅၆ ခုနှစ် မတ်လ (၁၇)ရက်နေ့တွင် ဘုရားရှိခိုးကျောင်းကြီးကို အနုမောဓနာ တင်ပွဲ ပြုလုပ်ခဲ့ ကြသည်။ ထို့ပြင် အိုင်းရစ်ရှ်ဘုန်းတော်ကြီးများက တိုင်းရင်းသားကချင်အမျိုးသားထဲက ပေါလုဇိန်ထုံးဂရောင်ကို ၁၉၆၅ ခုနှစ် ဘုန်းကြီးအဖြစ် လက်တင်ခံယူစေပြီး ၁၉၇၇ ခုနှစ်တွင် အိုင်းရစ်ရှ်ဆရာတော်ကြီးဟောင့်က ဆရာတော်ပေါလုဇိန်ထုန်းဂရောင်ကို ဒေသသာသနာပိုင် ဆရာတော်ကြီးအရာ အပ်နှင်း ထားခဲ့လေသည်။ ထိုနှစ်မှစ၍ တိုင်းရင်းသား ဆရာတော်ကြီး ပေါလုဇိန်ထုန်းဂရောင် ဦးဆောင်သော ကချင် ကာသိုလိပ်သာသနာအဖွဲ့ကြီးဖြစ်လာ၍ ၁၉၈၇ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့မှ (၅) ရက်နေ့

အထိ မြစ်ကြီးနားမြို့၌ မြစ်ကြီးနားမြို့နယ်၏ ရောမင်ကာသိုလိပ် သာသနာ (၅၀)ပြည့် နှစ် ရွှေရတုသဘင်ပွဲတော်ကြီး ကျင်းပနိုင်ခဲ့သည်အထိ တိုးတက်လာ ကြကြောင်း မှတ်တမ်းတင်ပါသည်။

## ဗိုလ်ချုပ်အောင်ဆန်းရောက်လာ၍ ကချင်ကုမ္ပဏီဝင်းရရှိခြင်း

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီးသည့်နောက် ၁၉၄၆ ခုနှစ် နိုင်ဝင်ဘာလ(၂၈) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း မြစ်ကြီးနားမြို့သို့ ဆိုက်ရောက်ရှိလာပါသည်။ ထိုအခါ ကချင်လူကြီးများက ဗိုလ်ချုပ်အောင်ဆန်းကို ကြိုဆိုတွေ့ဆုံသောအခါ 'ယခု ကျွန်တော် လာတာဟာ ခင်းဗျားတို့ကချင် သိန်းဖေါ်ညီအစ်ကိုသွေးချင်း များနှင့် တွေ့ဖို့ လာခြင်း ဖြစ်ပါတယ်။ တို့ညီအစ်ကိုတတွေ လွပ်လပ်ရေးကို အတူတူယူကြဖို့ပါပဲ၊ တို့တတွေကို အင်္ဂလိပ်နယ်ချဲ့တို့က သွေးခွဲထားလို့သာ အချင်းချင်းစိမ်းကားနေကြတာပါ၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်တဲ့ ညီအစ်ကို ရင်းချာတွေပါ........ စသဖြင့် ရင်းနှီးစွာ ပြောဆိုဆွေးနွေးသည့်အခါ ကချင်ခေါင်းဆောင် ဦးကရိန်လက ဗိုလ်ချုပ်ပြောဆိုသွားသောစကားတို့ကို ကြား၍ ကျွန်တော်တို့ကချင်လူကြီးများက များစွာဝမ်းသာဝမ်းမြောက်ရှိပါသည်။ ယခုလိုဗိုလ်ချုပ်နှင့် ကျွန်တော်များတွေ့ရခြင်းသည်လည်း အလွန်ကောင်းသည့် အခွင့်အရေးကြီးပဲလို့ ယူဆပါသည်။ ကျွန်တော်တို့က ဗိုလ်ချုပ်ကို တွေ့တွေ့ချင်းပဲတင်ပြချင်တာကတော့ မြစ်ကြီးနားမြို့ပေါ်မှာ ယခုလောလောဆယ် ကျွန်တော်တို့ကချင်များ နေထိုင်စခန်းချဖို့နေရာ တစ်ကွက်မှမရှိပါ။ တိုင်းရေးပြည်ရေးကိုလည်း စုစည်းတိုင်ပင်ပြီးဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ စစ်ကြီးပြီး၍ ပြန်လာကြသော ကချင်ရဲဘော်လူငယ်များကို လူကြီးများက ဦးဆောင်ကာ ငွေစုပြီး မြစ်ကြီးနားမြို့ပေါ်မှာ ကချင်စုပေါင်းရောင်းဝယ်ရေးသမဝါယမ ဟူ၍ ဖွဲ့စည်းတည်ထောင်ထားပါသည်။ ဒါကို အင်္ဂလိပ်အရေးပိုင်ကြီးက ဒီနေရာ ရက်ပိုင်းအတွင်း ဖယ်ရှားပေးရမည်လို့ နှင်ထုတ်သည့် အမိန့် ထုတ်ဆင့်ထားခြင်းခံနေရပါသည်။ ဤကိစ္စကို ဗိုလ်ချုပ်ကဖြေရှင်းပေးပါရန် တင်ပြပါသည်ဟု ပြောပါသည်။ ထိုအခါ ဗိုလ်ချုဓ်အောင်ဆန်းက ယခု ကချင်ရောင်းဝယ်ရေး သမဝါယမအသင်းဖွဲ့စည်းထားသည့်နေရာကားယခင် ဘယ်သူရဲ့ ဂရန်ပိုင်မြေနေရာလဲဟု မေးသည့်အခါ ယခင်အင်္ဂလိပ်ခေတ်က ဆေးရုံဝင်းဟောင်း

နေရာဖြစ်ကြောင်း တင်ပြကြပါသည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းက 'ဒါဆိုရင် ယနေ့ကစ၍ ဤဆေးရုံဝင်းဟောင်းနေရာကို ကချင်များအတွက် အမြဲတမ်းအသုံးပြု နေထိုင်သွားရန် အပိုင်စားပေးလိုက်သည်' ဟုချက် ချင်းလက်မှတ်ရေးထိုး၍ ပေးလိုက် သည်။ ထို့ကြောင့် မြို့မရပ်ကွက်၊ ကချင်ကုမ္ဗဏီဝင်းရပ်ကွက် မြေနေရာသည် ဗိုလ်ချုပ် အောင်ဆန်း ပထမဆုံး ကချင်များကို ပေးသော ချစ်ကြည်ရေးမေတ္တာလက်ဆောင် ဖြစ်ကြောင်း မှတ်တမ်းတင်ထားပါသည်။ ထို့ကြောင့် မူလကုမ္ဗဏီနေရာဟောင်း မြေကွက်ပေါ်၌ ကချင်လူကြီးများက ဗိုလ်ချုပ်အောင်ဆန်းကို အမြဲအောက်မေ့ဖွယ်ရာ ဗိုလ်ချုပ်အောင်ဆန်းခန်းမဆောင်ကို တည်ဆောက်ထား၍ သမိုင်းဝင်လွပ်လပ်ရေး မော်ကွန်းဝင်အဖြစ် မှတ်တမ်းတင်ထားရန် စီစဉ်ဆောင်ရွက်နေကြဆဲ ဖြစ်ပါသည်။

## မြစ်ကြီးနားမြို့၌ ပထမဦးဆုံးဗိုလ်ချုပ်အောင်ဆန်းတရားဟောခဲ့သောနေရာ

၁၉၄၆ ခုနှစ် နိုဝင်ဘာလ (၂၈) ရက်နေ့ မြစ်ကြီးနား မြို့သို့ ရောက်ရှိလာပြီး နိုဝင်ဘာလ (၃၀) ရက်နေ့တွင် မြစ်ကြီးနားမြို့ ယခင်မြို့မရပ်ကွက် ယခင်ဖဆပလရုံး ယခုပါတီယူနစ်ရုံးရှေ့တွင် အင်္ဂလိပ်ထံမှ မြန်မာပြည်လွပ်လပ်ရေးကို တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအင်အားဖြင့် အရယူရမည် စသည်ဖြင့် တရားဟောခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းမတ်တပ်ရပ်၍ တရားဟောခဲ့သောနေရာတွင် အစဉ်သတိရနေစေ ရန် ကျောက်တိုင် စိုက်ထူထားသည်ကို မှတ်တမ်းတင်ရပါသည်။

## ဒူဝါဇော်ဂျွန်း၏ တိုင်းပြည်နှင့် လူမျိုးအပေါ်ထားရှိသည့် စေတနာ

မြန်မာပြည်ကို ဖက်ဆစ်ဂျပန်စိုးမိုးနေချိန် ၁၉၄၃ ခုနှစ်တွင် အန္ဒိယပြည်မှ မဟာ မိတ်တို့ထံမှ စစ်ဗိုလ်မေဂျာအဆင့်နှင့် ဖက်ဆစ်ဂျပန်များကို တိုက်ထုတ်နိုင်ရန်အတွက် စစ်စုံထောက်တာဝန်ဖြင့် ဂျပန်စိုးမိုးထားသောမြစ်ကြီးနား၊ ဗန်းမော်နယ်ထဲသို့ လေထီး ဖြင့်ခုန်ဆင်း၍ ဂျပန်များ၏ စစ်ဗျူဟာအချက်အချာများကို ထောက်လှမ်းပြီးသတင်းပို့၍ မဟာမိတ်များ၏ လေယာဉ်ပျံဖြင့် ဗုံးကြဲချပြီး ဖြို့ခွင်းတိုက်ခိုက် ဖျက်ဆီးနိုင်ခဲ့လေသည်။

ထို့ကြောင့် စစ်ပြီးလျှင်ပြီးခြင်း သူ့ကိုကားမိုင်းနယ်ပိုင်ဝန်ထောက်တာဝန်ကို ထမ်းဆောင်စေခဲ့သည်။ ထိုအခါ ဖက်ဆစ်ဂျပန်ခေတ်၌ ကချင်နှင့် ရှမ်းဗမာများ အချင်း

ချင်း မသင့်မတင့်ဖြစ်နေသည့် ကိစ္စရပ်များနှင့် လယ်မြေလုကြသည့် ကိစ္စရပ်များတို့ကို မျှတစွာ ပြေလည်အောင် ဖြေရှင်းပေးခြင်း၊ ဗမာပြည်လွတ်လပ်ရေးအတွက် ကချင်ဗမာ ချစ်ကြည်ရေးဖြင့် လူထုစည်းရုံးပေးခြင်းစသော ကိစ္စရပ်များကို တဖက်လှည့် လုပ်ဆောင်ပေးခဲ့သည်။

စစ်ပြီးစအချိန်မြစ်ကြီးနား ခရိုင်ဝန်အရေးပိုင်တာဝန်ကို အင်္ဂလိပ်များထံမှ ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ပထမဆုံးလက်လွှဲခံယူခဲ့သော အရေးပိုင် ဦးအုံးမောင် (ဗိုလ်ချုပ်အောင်ဆန်း၏အပါးတော်မြဲ–ကျဆုံးသူ) ပြောင်းရွှေ့သွားပြီးနောက် အရေးပိုင်ဦးအောင်ဒင်၏လက်ထက်တွင် ၁၉၄၇ ခုနှစ်တွင် ဒူဝါဇော်ဂျွန်းသည် တွဲဖက်အရေးပိုင်လုပ်ရင်း အရေးပါသောလူထုခေါင်းဆောင်ကြီးများကို လွတ်လပ်ရေးတောင်းဆိုရန် စည်းရုံးပေးခဲ့သည်။ မိုးညှင်း မိုးကောင်းနယ်ရှိ ကချင်နှင့် ရှမ်းဗမာများ လယ်မြေ အငြင်းပွားသော ကိစ္စများကို တရားမျှတစွာ ဖြေရှင်းခဲ့သည်။

ဒုတိယပင်လုံညီလာခံသို့တက်ရောက်ရန် နယ်ကြိုနယ်ခြားမှ ကိုယ်စားလှယ်များ စုံလင်စွာပါဝင်နိုင်ရန် ဖိတ်ခေါ်ပေးခြင်း၊ သွားလာရေး ပြေလည်အောင် ဆောင်ရွက်ပေးခြင်းများကို လုပ်ဆောင်ပေးခဲ့ပါသည်။ ထို့ပြင်ဗမာပြည် လွတ်လပ်ရေးရရှိပြီးနောက် မြစ်ကြီးနားခရိုင်ဝန် အရေးပိုင်တာဝန်ကို ထမ်းဆောင်သောအခါ၊ မြစ်ကြီးနား တစ်ခရိုင်လုံး၏တာဝန်၊ မြစ်ကြီးနားမြို့၏ ပြန်လည်ထူထောင်ရေးတာဝန်များကို ဆောင်ရွက်ရာ၌ ယခုလက်ရှိ မြစ်ကြီးနားအားကစားကွင်းကို စတင်တည်ထောင်ခဲ့သည်။ ထို့ပြင် ထာဝန်ဝတ္တရားများကို ထမ်းဆောင်သည့်အခါလည်း လူမျိုးမရွေး ဘာသာမရွေး စိတ်သဘောထား ဖြူစင်စွာ မျှမျှတတလုပ်ဆောင်ပေးခဲ့၍ လူတိုင်းချစ်ခင် မြတ်နိုးလျှက် တာဝန်ဝတ္တရားထမ်းဆောင် နေရင်း ရုတ်တရက်ဖျားနာ၍ ကွယ်လွန်သွားခဲ့သည်။ ထိုကြောင့် သူ့ကို အစဉ်သတိရနေရန် မြစ်ကြီးနားမြို့ ကမ်းနားဘက်ရှိ လမ်းမကြီးကို ယနေ့အထိ ဇော်ဂျွန်းလမ်း ဟု မှတ်တမ်းတင် ခေါ်ဝေါ်လျှက်ရှိကြောင်း သိရပါသည်။

## ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဆီတာပူမနောကွင်းကြီး

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ မြန်မာပြည်လွတ်လပ်ရေးရသောအောင်

ပွဲကို မြစ်ကြီးနားဆီတာပူကွင်းကြီး၌ ကျင်းပသောအခါ၊ မြန်မာနိုင်ငံတော်၏ ပထမဆုံးသော သမ္မတဦးစောရွှေသိုက်ကိုယ်တိုင် တက်ရောက်လာ၍ ထိုအောင်ပွဲမှ တစ်ဆက်တည်း ကချင်ပြည်နယ်ရအောင်ပွဲကို ကျင်းပရာ ဇန်နဝါရီလ (၁၀) ရက်နေ့ နံနက်(၈) နာရီအချိန်တွင် ဆီတာပူမနောကွင်း မဏ္ဍပ်တွင်း၌ ပထမဆုံးကျင်းပခဲ့သော ကချင်ပြည်နယ်ကောင်စီညီလာခံသို့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ကြွရောက်လာပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေစာအုပ်ကို ကချင်ခေါင်းဆောင် ဆမားဒူဝါဆင်ဝါးနောင်၏လက်ဝယ်သို့ ကချင်ပြည်နယ်ကို လွှဲအပ်ပေးလိုက်သော အထိမ်းအမှတ်ကို အခမ်းအနားဖြင့် ပေးအပ်ခဲ့သည်။ ထိုအချိန်တွင် ကချင်ပြည်နယ်ကောင်စီမှ ကချင်ပြည်နယ်ဥက္ကဋ္ဌအတွက် ဆမားဒူဝါဆင်ဝါးနောင်ကို ရွေးကောက်တင်မြှောက်ပြီး ထိုနေရာ၌ပင် နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်တွင် ကျမ်းသစ္စာဆိုခဲ့သည်။ ယင်းသို့ ကျမ်းသစ္စာဆိုခဲ့ပြီးနောက် ပထမဦးဆုံးသော ကချင်ပြည်နယ်အစိုးရကို ဖွဲ့စည်းလိုက်သည်။ ထို့သို့ကချင်ပြည်နယ်ကို နိုင်ငံတော်သမ္မတကလွှဲအပ်ပေး၍ ပထမဦးဆုံးသော ကချင်ပြည်နယ်အစိုးရကို ဖွဲ့စည်းတည်ထောင်လိုက်သော နေ့အထိမ်းအမှတ်ကို အကြောင်းပြု၍ ဇန်နဝါရီလ (၁၀) ရက်နေ့ကို ကချင်ပြည်နယ်နေ့ ဟူ၍ သတ်မှတ်လိုက်ခြင်းဖြစ်သည်။ ထိုမနောကွင်းနေရာတွင် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောအိမ်တော်ကြီးကို ဆောက်လုပ်ထားပြီး ၄င်းနေရာ၌ သုံးနှစ်လျှင်တစ်ကြိမ် မနောပွဲကို ကြီးကျယ်ခန်းနားစွာ ကျင်းပပါသည်။ မနောပွဲတော်ကြီး ကျင်းပသောနေ့ရက်သည် ဇန်နဝါရီလ (၁၀) ရက်နေ့ဖြစ်ပါသည်။ ကျန်နှစ်များတွင်လည်း ဇန်နဝါရီလ (၁၀) ရက်နေ့ရောက်ရှိတိုင်း ကချင်ပြည်နယ်နေ့ မနောပွဲ ကျင်းပလျှက်ရှိပါသည်။ ယင်းမနောကွင်းမြေဧရိယာ စတုရန်း (၉၃၂၉၁၀)ပေ ရှိ၏၊ ဧကအားဖြင့် ၂၁ $\frac{၁}{၂}$ ဧကကျယ်ဝန်းပါသည်။ ထိုမနောကွင်းမြေနေရာနှင့် အဆောက်အဦးကို ကချင်ပြည်နယ်ယဉ်ကျေးမှုဌာနမှ ထိန်းသိမ်းစောင့်ရှောက် လေ့ရှိပါသည်။

## ဆီတာပူမှုရှတာပရ

ဆီတာပူသည် ရှေးသမိုင်းအရ နမ်းစန်းခေါ် ရှမ်းရွာဖြစ်သည်။ ၁၈၈၀ ခုနှစ်နယ်ချဲ့အင်္ဂလိပ်များရောက်လာသောအခါ ၄င်းတို့၏ ကြေးစားဂေါ်ရခါးစစ်သားများနှင့်

အခြွေအရံများပါ ရောက်ရှိလာ၍ နေရာချထားသောအခါ၊ ဂေါ်ရခါးတို့က ၄င်းတို့၏ နတ်သမီး ဆီတာပူရ်၏ နာမည်ဖြင့်ခေါ်ဆိုသည် ဆိုသည်။ အချို့က ထိုအချိန် ထိုအင်ဂျင်း ချောင်းဝနားမှာ တံတားဖြောင့်ကြီးတည်ဆောက်ထားသဖြင့်၊ ၄င်းတံတားဖြောင့်ကို အစွဲပြု၍ ဆီတာပူလ်ခေါ်ရာမှ ဆီတာပူ ခေါ်လာခြင်းဖြစ်သည် ဆိုသည်။

ဘယ်လိုပဲဆိုဆို ဆီတာပူခေါ်ခြင်းသည် နိုင်ငံခြားဂေါ်ရခါးတို့၏ အခေါ်အဝေါ် ဖြစ်နေသောကြောင့်၊ ၁၉၇၅ ခုနှစ်၊ ပြည်နယ်ကောင်စီခေတ်မှစ၍ ဆီတာပူ ပြည်သူ့ ကောင်စီမှ မိမိတိုင်းရင်းသားတို့၏ နာမည်အဖြစ်သို့ ရှတာပရူ( Shata Pru) ဟု ပြောင်းလဲခေါ်ဝေါ်လာကြသည်။ ရှတာ – လ။ ပရူ – ထွက်၊ လထွက်သောအရပ်ဟု ကချင်လို ခေါ်ခြင်းဖြစ်ပါသည်။

ထိုသို့ ခေါ်ရခြင်း၏ အကြောင်းခံချက်များမှာ ၁၉၄၆ ခုနှစ်၊ ဖက်ဆစ်ဂျပန်များ ကို စစ်အောင်နိုင်သော 'ပဒန်မနောပွဲကြီး' ကို ထိုနေရာ၌ကျင်းပခဲ့ခြင်း၊ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့ မြန်မာပြည်လွတ်လပ်ရေးရှိသော အောင်ပွဲမနောနှင့် ကချင်ပြည်နယ် ရရှိသော အောင်ပွဲ မနောကို ၄င်း ထိုနှစ် ဇန်နဝါရီလ (၁၀)ရက်နေ့မှ စတင်၍ ယခုထက်တိုင် ထိုနေရာ၌ ကချင်ပြည်နယ်နေ့မနောပွဲကို ကျင်းပလာခြင်း ကြောင့်သော်လည်းကောင်း၊ စသည်တို့အပြင်၊ ကချင်ပြည်နယ်၏ မီးရှူးသဖွယ်ဖြစ်သော ကောလိပ်ကျောင်းကြီးကိုလည်း ထိုနေရာ၌ပင် တည်ရှိသောကြောင့် ဤအရပ်၌ ဇမြေ ထွန်းလင်းသော စန္ဒာလမင်း ထွက်လာသောအရပ်ဟု ပြောင်းလဲခေါ်ဝေါ်သမုတ်ခြင်း ဖြစ်ကြောင်း မှတ်တမ်းတင်ပါသည်။

## တောင်တန်းသာသနာပြုကျောင်းမြေနေရာလှူခြင်း

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့၌ပင် ကချင်ပြည်နယ် ဥက္ကဋ္ဌ သစ်က ဗုဒ္ဓဘာသာ တောင်တန်းသာသနာပြုအဖွဲ့ကို မြစ်ကြီးနားမြို့လင်းရောင်ခြည်ရပ်ကွက် တွင် မြေတစ်ကွက်ကို အခမ်းအနားဖြင့် လှူဒါန်းပေးအပ်ခဲ့လေသည်။ ယင်းမြေကွက် သည် (၁၀.၆) ဧကကျယ်ဝန်းသည်။ ထိုမြေယာ၌နိုင်ငံတော်သမ္မတကြီးက ကချင်၊ ရှမ်း နာဂများကို ဗုဒ္ဓဘာသာ သာသနာပြုရန်အတွက် ထုကချင်ပြည်နယ်နေ့၌ပင် သံဃာ တော်အပါး ၁၀၀ ကို ဆွမ်းကျွေး၍ အုတ်မြစ်ချခဲ့သည်။ ထိုနေ့မှ စ၍ တည်ဆောက်ခဲ့

သောတောင်တန်း သာသနာပြု ဗဟိုဌာနကျောင်းတိုက်၊ အောင်တော်မူသကျမာရဇိန် အံတော်ရှင် စေတီတော်တို့ကို တည်ထားကိုးကွယ်လာခဲ့သည်။

## ဗုဒ္ဓအံတော်မြတ်ကိန်းဝပ်စံပယ်တော်မူခြင်း

ဗုဒ္ဓအတော်မြတ်ကို တရုတ်ပြည် ပီးကင်းမြို့မှ ပင့်ဆောင်လာပြီး ကချင်ပြည်နယ်မြို့တော် ယင်းတောင်တန်းသာသနာပြု ဗဟိုကျောင်းတိုက်တွင် တည်ထားသော အောင်တော်မူ သကျမာရဇိန် စေတီတော်မြတ်ကြီး၌ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့မှစ၍ ရောက်ရှိကိန်းဝပ်စံပယ်တော်မူကြောင်း မှတ်တမ်းတင်ထားလေသည်။

## စစ်ကြီးပြီးသည့်နောက်ပိုင်း မြစ်ကြီးနားခရိုင်ကို အုပ်ချုပ်လာခဲ့သော ပုဂ္ဂိုလ်များ

| | | | | |
|---|---|---|---|---|
| ခေတ် | ၁၉၄၅ | Mr Macduines | D.C | ခရိုင်ဝန် |
| | ၁၉၄၆ | Mr Peter Merrev | D.C | ခရိုင်ဝန် |
| | ၁၉၄၇ | ဦးအုန်းမောင် | D.C | ခရိုင်ဝန် (ဗိုလ်ချုပ်နှင့်အတူကျဆုံးသူ) |
| | ၁၉၄၇ | ဦးအောင်ခင် | D.C | ခရိုင်ဝန် |
| | ၁၉၄၇–၅၀ | ဒူဝါဇော်လွန်း | D.C | ခရိုင်ဝန် |
| | ၁၉၅၀–၅၆ | ဦးဘမြိုင် | D.C | ခရိုင်ဝန် |
| | ၁၉၅၆–၅၇ | ဒူဝါကွမ့်ရှဲတောင် | D.C | ခရိုင်ဝန် |
| | ၁၉၅၇–၆၁ | ဦးဇင် | | ခရိုင်ဝန် |

## တော်လှန်ရေးခေတ် ၁၉၆၂ ခုနှစ်မှ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌများ

ဗိုလ်ကြီးခင်မောင်။ ဗိုလ်ကြီးအုန်းဖွင့်။ ဗိုလ်မှူးမောင်ကြည်။ ဗိုလ်မှူးဇော်နော်။

## မြစ်ကြီးနားမြို့မလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌများ။

ဗိုလ်ကြီးလှမောင်။ ဗိုလ်မှူးမြတ်မောင်။ ဗိုလ်ကြီးအေးကျော်

၁၉၇၃ ခုနှစ် နောက်ပိုင်း ပြည်သူ့အစိုးရ ခေတ်၌ ဖွဲ့စည်းပုံ အခြေခံဥပဒေ သစ်အရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုအောက်တွင် ပြည်သူမှ တင်မြှောက်သော ကိုယ်စားလှယ်ဖြင့်အုပ်ချုပ်သောအခါ မြစ်ကြီးနားမြို့နယ်၏ ပြည်သူ့ ကောင်စီဥက္ကဋ္ဌများမှာ–

(၁) ပထမအကြိမ် ဗိုလ်မှူးဇော်နော်

(၂) ဒုတိယအကြိမ် ဦးဖေါ်ဒေါ်ခန်း

(၃) တတိယအကြိမ် ဦးဖေါ်ဒေါ်ခန်း

(၄) စတုတ္ထအကြိမ် ဗိုလ်မှူးအုန်းမြိုင်။

## မြစ်ကြီးနားမြို့၏လွတ်လပ်ရေးကျောက်တိုင်

မြန်မာပြည် လွတ်လပ်ရေး ရရှိပြီးနောက် ၁၉၄၈ ခုနှစ် နှောင်းပိုင်းတွင် ထို အချိန်က မြစ်ကြီးနားမြို့အာဏာပိုင်များနှင့် ဖဆပလလူကြီးများတို့က ယခု အမှတ် (၂) ဈေးဝင်းအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင် စိုက်ထူရန်အတွက် အုတ်မြစ်ချသော အခါ၊ ကချင်လူကြီးများက အထွတ်အမြတ်ထားသော လွတ်လပ်ရေးကျောက်တိုင်ကြီး ကို ဒီနေရာ၌ စိုက်ထူရန်မသင့်ကြောင်း အကြီးအကျယ်ကန့်ကွက်ကြသည်။ ယခု ဂေါက်ကွင်းကြီး၌သော်လည်းကောင်း၊ သို့မဟုတ် ယခုပြည်သူ့အားကစားကွင်း မြောက်ပိုင်းတွင်သော်လည်းကောင်း မားမားမတ်မတ် စိုက်ထူထားသင့်ကြောင်း အကြံပြုကြသည်။ ဤကိစ္စကို ပြန်လည်စဉ်းစား၍ ပြည်သူ့အားကစားကွင်းကြီး၏ မြောက်ဘက် မြေလွတ်နေရာကို လွတ်လပ်ရေးပန်းခြံဟု သတ်မှတ်ပြီးယင်းနေရာတွင် လွတ်လပ်ရေးကျောက်တိုင်ကြီးကို စိုက်ထူထားပါက မြို့၏ကျက်သရေဆောင် ဖြစ် မည့်အပြင်၊ မြို့သူမြို့သားတို့၏ အပန်းဖြေ ပန်းဥယျာဉ်ကြီးလည်း ဖြစ်မည်ဖြစ်ကြောင်း အကြံပြု ရေးသားထားပါသည်။

## ကချင်ပြည်နယ်မြို့တော်နှင့်ကချင်နယ်အစိုးရရုံးတော်ကြီး

မြစ်ကြီးနားမြို့ကို ကချင်ပြည်နယ်၏ မြို့တော်အဖြစ် သတ်မှတ်ပြီး၊ ၁၉၅၇-၅၈ ခုနှစ်တွင် ကချင်ပြည်နယ်၏အစိုးရရုံးတော်ကြီး (ယခုကချင်ပြည်နယ် ပြည်သူ့ကောင်စီရုံးအဆောက်အဦးကြီး) နှင့် ဝန်ကြီးများနေထိုင်ခဲ့သော တိုက်တာကြီး များကို ကချင်ပြည်နယ်အစိုးရမှ တည်ဆောက်ခဲ့သည်။

## အမှတ်(၇)တပ်မဟာတပ်မြေနေရာ

၁၉၅၆ ခုနှစ်မှစ၍၊ ဗိုလ်မှူးကြီးစောမြင့်က ကချင်ပြည်နယ်အစိုးရနှင့် ညှိနှိုင်း၍ ထိုအချိန်က ပြည်နယ်ဘဏ္ဍာရေးဌာနဝန်ကြီး ဒူဝါလဝမ်လီနှင့် ပမ္မတီး နေရာသို့ သွားရောက်ရွေးချယ်တိုင်းထွာပြီး ထိုနေရာ၌ အမှတ်(၇) တပ်မဟာတပ်ဖွဲ့ကို မြေနေရာချထား တည်ထောင်ခဲ့သည်။ ထိုမှယခုမြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တပ်မြေနေရာ ဖြစ်လာကြောင်း မှတ်တမ်းတင်ပါသည်။

## ပလနခေါ်ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေးဌာန။

မြစ်ကြီးနားမြို့၏မြောက်ဘက်တွင် ဆွမ်ပရာဘွမ်းနှင့် ပူတာအိုလမ်း (၇) မိုင်အရပ်တွင် ၁၉၅၆ ခုနှစ်မှစ၍ ဗိုလ်ချုပ်ကြီး (ကြည်းတပ်)မှ ကချင်ပြည်နယ်အစိုးရနှင့် ညှိနှိုင်းပြီး ထိုဒေသရှိ ကချင်ဒူဝါတို့နှင့် ပြန်ညှိကာ ထိုနေရာ၌ တပ်မတော်ပင်စင် ယူထားသော တပ်မတော်သားများအား ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရန် မြေနေရာသတ်မှတ်ပြီး စတင်တည်ထောင်၍ နေရာချထားခဲ့လေသည်။ ထိုပြန်လည်ထူထောင်ရေးနှင့် နေရချထားရေးနေရာများကို အမှတ်(၁) အမှတ်(၂) အမှတ်(၃) အမှတ်(၄) အမှတ်(၅) စသည်ဖြင့် ရွာများတည်ဆောက်၍ စက်မှုလယ်ယာစံနစ်ဖြင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထားပြီးလုပ်ကိုင် တည်ထောင်ကြကြောင်း မှတ်တမ်းတင်သည်။

## အစိုးရစာပုံနှိပ်တိုက်နှင့် ကချင်ပြည်နယ်သတင်းစဉ်

ဒုတိယကမ္ဘာစစ်ကြီးပြီးစအချိန်တွင် မေဂျာအင်ရီဂွစ်က (ယခုပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်းရှိ) ချန်ဒလာ စာပုံနှိပ်စက်တစ်လုံးကို ဗန်းမော် မိုးမောက် ကချင်ဒီစတိစ်ကောင်စီကို ပေးထားရာတွင်၊ ၎င်းစက်ဖြင့် ဒုတိယကမ္ဘာစစ် မဖြစ်မီကကဲ့သို့ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းက ကချင်ဓါးလွယ် ခေါင်းစီးဖြင့် ဓမ္မ သတင်းစာကို တစ်လတစ်ကြိမ် ကချင်ဘာသာဖြင့် ရိုက်နှိပ်ထုတ်ဝေလျက် ရှိသည်။ ၎င်း မှ ထိုစက်ကို ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးနောက် ကချင်ပြည်နယ် အစိုးရမှ စာပုံနှိပ်စက်ကို သိမ်းယူ၍ ဗန်းမော်မြို့၌ပင် ကချင်ပြည်နယ်ပြန်ကြားရေးဌာန လက်အောက်တွင် ပြည်နယ်တံခွန် (ကြယ်တံဆိပ်) (Jinghpaw Mung Gintawng) ဟူသောသတင်းစဉ်ကို ကချင်ဘာသာဖြင့် ဆက်လက်ထုတ်ဝေနေရာမှ၊ ၁၉၅၉ ခုနှစ်၊ ဩဂုတ်လတွင် ပုံနှိပ်တိုက်တစ်ခုလုံးကို မြစ်ကြီးနားမြို့သို့ ပြောင်းရွှေ့ခဲ့ပြီး၊ ၁၉၅၉ ခုနှစ် နှစ်ဦးပိုင်းတွင် ဆောက်လုပ်ပြီးစီးခဲ့သည့် အစိုးရစာပုံနှိပ်တိုက် (ယခုပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း) တွင် ပြောင်းရွှေ့ထား၍၊ သတင်းစဉ်ကိုဆက်လက် ထုတ်ဝေခဲ့ပါသည်။ ယခင်ကသတင်းစဉ်ကိုကချင်ဘာသာ တစ်ခုတည်းဖြင့်သာ ထုတ် ဝေခဲ့သော်လည်း ၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလမှစ၍ သတင်းစဉ်ကို ကချင်/မြန်မာ နှစ်ဘာ သာဖြင့် ‘မြစ်ဖျားရော’ (Mali Gindai) ဟုပြောင်းလဲခေါ်ဝေါ်လျက်၊ ကချင်ပြည် နယ်ပြန်ကြားရေးဌာနမှ တာဝန်ခံ၍ (၁၅) ရက်တစ်ကြိမ်မှန်မှန် ထုတ်ဝေလျက်ရှိနေ ပါသည်။ စာပုံနှိပ်တိုက်သည် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း လက်အောက်သို့ရောက်ရှိသွားပြီး၊ ဌာနဆိုင်ရာ ပုံစံများ၊ စာရွက်စာတမ်းများကို လက်ခံ ပုံနှိပ်ပေးနေပါသည်။

## မြစ်ကြီးနားမြို့ (တောင်း) ကော်မတီမှ မြူနီစပါယ်ကော်မတီ၊ မြူနီစပါယ်ကော်မတီမှ မြို့စည်ပင်သာယာရေးကော်မတီအဖွဲ့အကြောင်း

မြစ်ကြီးနားမြို့ကို အင်္ဂလိပ်ခေတ် ၁၉၂၅–၂၆ ခုနှစ်အချိန်စွင် မြို့၏အုပ်ချုပ် ရေးကို စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ ထိုအချိန်မြို့၏အုပ်ချုပ်ရေးအဖွဲ့ကို တောင်းကော်မတီ (Town committee) ခေါ်ဝေါ်၍ ရပ်ကွက်မှ တစ်ဦးစီတင်မြှောက်

လိုက်သော ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်ခဲ့သည်။

ရုံပုံငွေကို မြို့တွင်းမှ ကောက်ခံရရှိသော အခွန်တော်ငွေများနှင့် အစိုးရမှ ထောက်ပံ့သောရုံပုံငွေတို့ဖြင့် တစ်နှစ်လျှင် တစ်သိန်းကျော်နှင့် စီမံအုပ်ချုပ်ခဲ့သည်။ ယင်းစံနစ်အတိုင်း မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၅၄ ခုနှစ်အထိ အုပ်ချုပ်လာခဲ့သည်။ ယခင်အင်္ဂလိပ်ခေတ်က ထောင်းကော်မတီရုံးသည် ယခုဆမားကြီး၏ ဂူတည်ရှိသော နေရာတွင် ဖြစ်ခဲ့သည်။

မြစ်ကြီးနားမြို့၏ လူဦးရေတိုးတက်လာသည်နှင့်အမျှ အခြားမြို့ကြီးပြကြီးအတိုင်း ၁၉၅၄ ခုနှစ်၊ ဩဂုတ်လ (၂၃) ရက်နေ့မှစ၍ တောင်းကော်မတီမှ မြူနီစပါယ်အဖွဲ့သို့ပြောင်းလဲ၍ ၁၈၉၈ ခုနှစ် မြန်မာနိုင်ငံမြူနီစပါယ် အက်ဥပဒေအတိုင်း အုပ်ချုပ်လာခဲ့သည်။ ယင်းမြူနီစပါယ်အက်ဥပဒေအရ အခွန်တော် ငွေတစ်နှစ်လျှင် (၆)သိန်းခွဲခန့်သာ ရရှိခဲ့သည်။

၁၉၇၂–၇၃ ခုနှစ်အုပ်ချုပ်ရေး စနစ်သစ်ပေါ်ထွက်လာသည့်အခါ မြစ်ကြီးနားမြို့ အုပ်ချုပ်ရေးကိုလည်း ၁၉၇၄–၇၅ ခုနှစ်တွင် မြူနီစပါယ်မှ မြို့စည်ပင်သာယာရေး အဖွဲ့သို့ ပြောင်းလဲ၍ စီမံအုပ်ချုပ်လာခဲ့သည်။ အခွန်တော်ငွေကို ၁၉၇၈–၇၉ ခုနှစ်အတွင်း ကျပ် (၁၂)သိန်း ၈ သောင်း ၉ ထောင်ကျော်ရရှိလာပါသည်။ လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများ၊ ဈေးဆိုင်လုပ်ငန်းများ တိုးတက်များပြားလာမှုနှင့် စနစ်တကျ စီမံအုပ်ချုပ်လာနိုင်မှုကြောင့် အခွန်တော်ငွေ တိုးတက်လာရခြင်းဖြစ်ကြောင်း သိရသည်။

အခွန်တော်စည်းကြပ်ပုံမှာ ယခင်နှုန်းထားအတိုင်းသာ ဖြစ်ကြောင်း တွေ့ရှိရသည်။ အိမ်ခွန် ၁ ၁/၂ % ။ ရေခွန် ၁% ။ အမှိုက်ခွန် ၁ % နှုန်းထားဖြစ်သည်။ အထက်ပါနှုန်းထားနှင့် အောက်ပါတို့တွင် စည်းကြပ်ရကြောင်း သိရှိရသည်။

(၁) အကျိုးဆောင်ခွန် (၂) ရေပေးရေးလုပ်ငန်းခွန် (၃) အနေးယာဉ် (ဆိုက္ကား မြင်းလှည်း) ခွန် (၄) စားသောက်ဆိုင်ခွန် (၅) တည်းခိုခန်းအခွန် (၆) နွားနို့ရောင်းခွန် (၇) ကျွဲနွားသတ်လိုင်စင်ခွန် (၈) ကူးတို့ခွန် (၉) အပေါင်ဆိုင်ခွန် (၁၀) မော်တော်ယာဉ်ဘီးခွန် (၁၁) ဈေးခွန်များ (၁၂) ဝက်၊ ဆိတ်၊ အမဲသား ငါးရောင်းခွန် (၁၃)လမ်းဘေးဆိုင်ခွန် (၁၄) အဆောက်အဦးခွန် (၁၅) သုဿန်ခွန် (၁၆) အလေးတင်း တောင်းခွန် (၁၇) ဥပဒေအတိုင်းဝန်ထမ်းများကို တာဝန်သတ်မှတ်ထားခြင်း ရုံပုံငွေ (၁၈) ဖွားသေ

စာရင်းခွန် (၁၉) တိရိစ္ဆာန် မွေးမြူရေးအခွန်။

## မြစ်ကြီးနားမြို့ကို ရေးပေးရေးစီမံကိန်း

မြစ်ကြီးနားမြို့ကို ရေပေးရေးစီမံကိန်းကို ကချင်ပြည်အစိုးရ 'ဖလပ်ချောင်း' ရေကိုသွယ်ယူပြီး မြို့သုံးရေစီမံကိန်းချမှတ်ခဲ့သော်လည်း အကောင်အထည် မပေါ်သေးပါ။ ထို့ကြောင့် (၁) ၁၉၆၄–၆၅ ခုနှစ်တွင် မြစ်ကြီးနားမြို့ရေပေးရေးကို ယာယီစနစ်ဖြင့် ရေတိုင်ကီ တည်ဆောက်ပြီး ဧရာဝတီမြစ်မှ စက်ဖြင့်တင်၍ တစ်ရက်လျှင် ရေဂါလံ ၁၂၀၀ ခန့်ကို မြို့ရပ်ကွက်များ၊ (၂) အရာရှိရပ်ကွက်ရှိရေစင်ကြီးကို ကချင်ပြည်နယ်ဦးစီးအဖွဲ့မှ ၁၉၆၈–၆၉ ခုနှစ်အတွင်းတည်ဆောက်၍ တစ်ရက်လျှင် ရေဂါလံ ၆ သောင်းဆန့် ရေစင်ကြီးမှ အရာရှိရပ်ကွက်တိုင်းသို့ ရေပေးခဲ့သည်။ ယင်းကို ၁၉၇၈–၇၉ ခုနှစ်မှစ၍ မြစ်ကြီးနားမြို့ စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပေးခဲ့သည်။ (၃) ဆေးရုံရေစင်ကြီးမှ ရေဂါလံတစ်ရက်လျှင် ၁၂၀၀၀ ဂါလံ (၄) တိုက်တန်းရေစင်ကြီးမှာ ရေဂါလံတစ်ရက်လျှင် ၁၂၀၀၀ ဂါလံ (၅) ရပ်ကွက်ရေစင်ကြီး (၂) ခုမှ ရေဂါလံတစ်ရက်လျှင် ၂၀၀၀ ဂါလံ မြစ်ကြီးနားမြို့ကို တစ်ရက်လျှင် ရေဂါလံပေါင်း ၁ သိန်း ၂ သောင်းကျော်ပေးနိုင်ခဲ့လေသည်။

## မြို့စည်ပင်သာယာရေးလုပ်ငန်းဌာနများ

(၁)စီမံကိန်းဌာန

(၂)ဘဏ္ဍာရေးနှင့်အခွန်တော်ဌာန

(၃)ဆောက်လုပ်ရေးနှင့် ထိန်းသိမ်းရေးဌာန

(၄)သန့်ရှင်းရေးဌာန

(၅)ဈေးဌာန စသည်တို့ဖြစ်ကြောင်း။

ယခုလက်ရှိမြို့ရပ်ကွက်ရှိ မြို့စည်ပင်သာယာရေးရုံးကြီးကို ၁၉၅၈ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ ထိုနှစ်မေလ (၂၀)ရက်နေ့တွင် ရုံးသစ်ဖွင့်ပွဲအခမ်းအနားၾ ကချင်ပြည်နယ်အစိုးရ ဘဏ္ဍာရေးနှင့်အခွန်တော်ဌာနဝန်ကြီး ဒူဝါလဝမ်လီ ကိုယ်တိုင်ဖွင့်လှစ်ပေးခဲ့သည်။

Myitkyina (38).jpg